# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ အင်္ဂါနေ့၊ (27-3-2007) (၅၂၇၄)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# (၆၂)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို ယခင်နှစ်များထက် ပိုမိုခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများက ဦးစီးဦးဆောင်ပြု စီမံဆောင်ရွက်ထား

## (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၂၆

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဝင်များ၊ စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် စစ်ရေးပြလုပ်ငန်းအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အဖွင့်အမှာစကား ပြောကြားရာတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻






**(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု**
**ခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း အညွှန်း**

☆ **"တပ်မတော်သည် အဓိကတာဝန်ကြီးဖြစ်သည့် နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုပိုင်နက်တို့ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်ရေးတာဝန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ် အခြေခံဖြင့် အားကြိုးမာန်တက် ထမ်းရွက်လျက်ရှိသည်"** (ခေါင်းကြီး) စာမျက်နှာ-၂

☆ **"ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်းမကြီးတွင် ချောင်းဦး-ပခုက္ကူ ရထားလမ်းပိုင်းကို တပ်မတော်အင်အားသက်သက်ဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းများကိုမူ နိုင်ငံတော်နှင့်အတူ တပ်မတော်၊ ပြည်သူတို့ ပူးပေါင်းပါဝင်ဖောက်လုပ်ခဲ့ကြခြင်းဖြစ်သည်"**
တက္ကသိုလ်မောင်သုလှိုင်၏ **"နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စုပေါင်းစွမ်းပကားဖြင့်ဆင်နွှဲပုံညာတောင် ရထားလမ်း ဥမင်ဖွင့်လှစ်ခြင်းအောင်ပွဲ"** (ဆောင်းပါး) အထူးထုတ်-(ဃ)

☆ မြင်းမူမောင်နိုင်မိုး၏ **"မြန်မာ့မြေပြင် အလှဆင်ချိန်"** (ကဗျာ) အထူးထုတ်(ဂ)

☆ ရဲမင်းထက်၏ **"နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်"** (ကာတွန်း) စာမျက်နှာ-၈

**အမှာစကားပြောကြား**

**(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**(၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု**
**ရောင်စုံအချပ်ပို လေးမျက်နှာ ပါရှိ**

ယနေ့ထုတ် သတင်းစာတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုထုတ်ဝေသည့် ရောင်စုံအချပ်ပို လေးမျက်နှာ ပါရှိသည်။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၇-၃-၂၀၀၇
(အင်္ဂါနေ့)

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်

၂၀၀၇ ခုနှစ် မတ်လ ၂၇ ရက်(ယနေ့)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။ မြန်မာ့တပ်မတော်က ပြည်သူတို့နှင့်အတူ လက်တွဲ၍ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့ကို ဆင်နွှဲရင်း ဂုဏ်ထူးဝိသေသရှိသည့် တပ်မတော်အဖြစ် တက်လှမ်းနိုင်ခဲ့သော သမိုင်းဝင်နေ့ဖြစ်သည်။

သမိုင်းအစဉ်အဆက် အစဉ်အလာကြီးမားခဲ့သော တပ်မတော်သည် နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်၊ သွေး၊ ချွေးများစွာ စွန့်လွှတ်၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည်။ တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် အစဉ်အမြဲ ကာကွယ်စောင့်ရှောက်ရင်း ပြည်သူ့အကျိုးစီးပွားကို ထာဝရ သယ်ပိုးထမ်းရွက်နေဆဲဖြစ်သည်။

ယနေ့အချိန်အခါတွင်လည်း တပ်မတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ တစ်ချိန်တည်းတွင် နိုင်ငံ၏ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအား မြင့်မားလာရေး ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကို တည်ဆောက်လျက်ရှိသည်။

ခေတ်မီတပ်မတော်၏ ဂုဏ်အင်္ဂါရပ်တွင် ရုပ်ဝတ္ထုပစ္စည်းသာမက စိတ်ဓာတ်ရေးရာ အရည်အချင်းများဖြင့်လည်း ပြည့်စုံနေရမည်ဖြစ်ရာ တပ်မတော်သားတိုင်းက စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံမှုဟူသည့် အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံစေရန် စောင့်ထိန်းလိုက်နာလျက်ရှိသည်။

တပ်မတော်သည် အဓိကတာဝန်ကြီးဖြစ်သည့် နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုပိုင်နက်တို့ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်ရေးတာဝန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ် အခြေခံဖြင့် အားကြိုးမာန်တက် ထမ်းရွက်လျက်ရှိသည်။

မျက်မှောက်အချိန်အခါတွင် စွန့်လွှတ်စွန့်စား အစဉ်အလာကြီးမားသည့် တပ်မတော်သည် နိုင်ငံတော်၏ဂုဏ်ဒြပ်နှင့်အညီ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကို တည်ဆောက်ရင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။





# ၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၂၆

**၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၄ ရက် မွန်းလွဲ ၃ နာရီတွင် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီးဒေါ်ဆွေဆွေဦး၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာဦးကျော်စိန်နှင့်ညွှန်ကြားရေးမှူးများ၊ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ကျန်းမာရေးဦးစီးမှူးဒေါက်တာအေးကိုကို၊ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းမြို့နယ်ဥက္ကဋ္ဌများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင် ကျန်းမာရေးဦးစီးမှူးက တီဘီရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြပြီး တီဘီရောဂါ ပညာပေးဗီဒီယိုပြသကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမှာစကား ပြောကြား

**နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့တွင် ကျင်းပသည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် အနန္တကျေးဇူးရှင် ဖခင်ကြီးဦးထွန်းရှိန်နှင့် မိခင်ကြီးဒေါ်တင်အေးတို့အား ရည်စူး၍ ရန်ကုန်မြို့ ၁၄ လမ်းမှ ကျန်ရစ်သူမိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးကျော်ငြေးထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်နှင့်ကောလိပ်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၆

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦးနှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၀ ရက် နံနက်ပိုင်းတွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ရောက်ရှိရာ ပါမောက္ခ(ဌာနမှူး)များနှင့် တွေ့ဆုံ၍ စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် သုတေသနလုပ်ငန်း ကိစ္စများနှင့်စပ်လျဉ်း၍ မှာကြားသည်။**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာပညာရေးကောလိပ်သို့ ရောက်ရှိ၍ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ လက်တွေ့ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာတက္ကသိုလ်သို့ ရောက်ရှိ၍ ပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များနှင့်တွေ့ဆုံပြီး စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ သုတေသနလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားကာ e-Library ထူထောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ၁၄၅ လမ်းနေ ဦးအိုက်စိုင်း-ဒေါ်မာမာအေး၊ သား စိုင်းအေးမိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် မဟာသင်္ကြန် တရားစခန်းပွဲ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်တရားပြဌာန ဓမ္မာရုံတော်ကြီးတွင် (၆၈)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက်တရားစခန်းပွဲကြီးကို အာဒိဓမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန် (ဓမ္မာနုပဿနာ) တရားတော်များအား ဆရာကြီး၏ အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာဦးသိန်းဆွေ (နေဖြူ) နှင့်အရန်တရားဟောဓမ္မကထိကများက ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဟောကြားပြသပေးမည် ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၀ ရက် ညနေ ၅ နာရီအရောက် ဝင်ရောက်နိုင်ကြကြောင်းနှင့် နာယက ဦးအေးကို ၀၁-၆၆၀၀၀၆၊ ဥက္ကဋ္ဌ ဦးကျော်ဦး ၀၁-၂၄၇၀၂၇၊ ဒု-ဥက္ကဋ္ဌ ဦးနိုင်အောင် ၀၁-၆၆၂၈၅၀၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးအေးကြည် ၀၉-၈၀၃၂၂၇၉တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)



**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်း ၆ လမ်းထိပ်နေ ဦးမောင်ကြိုင်-ဒေါ်ကျင်မွှေး၊ သား၊ သမီး၊ မြေးတစ်စုက ဆွမ်း၊ ဆေး၊ အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

✻ ရှေ့ဖုံးမှ

ယခင်နှစ်များထက် ပိုမိုခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများက ဦးစီးဦးဆောင်ပြု စီမံဆောင်ရွက်ထားသည်နှင့်အညီ စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် စစ်ရေးပြလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများအားလုံး အနေဖြင့်လည်း စည်းကမ်းစနစ်ကျနစွာ တာဝန်သိသိဖြင့် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းဆိုင်ရာဆောင်ရွက်ချက် အားနည်းချက်၊ အားသာချက်များကို သုံးသပ်တင်ပြကြရန်နှင့် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် စစ်ရေးပြလုပ်ငန်းအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ပံ့ပိုးဖြည့်ဆည်းပေး

ယင်းနောက် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# နေပြည်တော် သပြေကုန်းဈေးသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

နေပြည်တော် မတ် ၂၆

**(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် သပြေကုန်းဈေးသစ် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်မြို့မ သပြေကုန်းရပ်ကွက်ရှိ သပြေကုန်းဈေးသစ်၌ ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနတာဝန်ခံများ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ အင်အား ၂၅၀၀ ကျော် တက်ရောက်ကြသည်။**

### ကြည့်ရှုအားပေး

ရှေးဦးစွာ မင်္ဂလာအချိန် နံနက် ၉ နာရီတွင် သပြေကုန်းဈေးသစ်ကြီးကို တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဈေးသစ်ဆိုင်းဘုတ်ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ သပြေကုန်းဈေးသစ်ကြီးကို နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် စတင်ဆောက်လုပ်ပြီး ၁၀ပေ - ၁၂ပေ အပြင်ဆိုင်ခန်း အခန်း ၂၄၀၊ အတွင်းဆိုင်ခန်း ၁၂၈ ခန်း၊ အချင်းပေ ၆၀ ပတ်လည် အရောင်းပြခန်း လေးခန်းနှင့် ခြောက်ပေပတ်လည် ပုံကျဈေးဆိုင်ခန်း အခန်း ၄၈၀၊ စုစုပေါင်း ဆိုင်ခန်း ၈၅၂ ခန်းပါရှိပြီး ဈေးပတ်လည်တွင် စားသောက်ဆိုင်များ၊ စားသောက်ခန်းများနှင့် ယာဉ်အစီး ၁၀၀၀ ဆံ့ ယာဉ်ရပ်နားရန်နေရာများ ပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ပန်းဘဲတန်းနှင့် ဒဂုံမြို့နယ်တွင် ရေအားဖြည့်စက်ရေတွင်းများဖွင့်

ရန်ကုန် မတ် ၂၆

**၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဒဂုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဆောင်ရွက်ပြီးစီးခဲ့သော ရေအားဖြည့် စက်ရေတွင်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။**

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ ဖြစ်ကြသည့် ဦးကျော်စိုး၊ ဦးညီညီနှင့် ဦးလှအေး၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးခဲ့သော ရေအားဖြည့် စက်ရေတွင် ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ဗိုလ်ဆွန်ပက်လမ်း(အထက်)ရှိ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းဥပစာ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်နိုင်တို့က မင်္ဂလာအချိန်၌ ရေအားဖြည့် စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ပြန်လည်ပေးအပ်

ထို့နောက် ရေအားဖြည့် စက်ရေတွင်း ဖွင့်ပွဲနှင့် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က စက်ရေတွင်းမှ သောက်သုံးရေရရှိရန် ဆောင်ရွက်ပေးမှုနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပန်းဘဲတန်းမြို့နယ် (၁၁)ရပ်ကွက်နှင့် (၈)ရပ်ကွက်နေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၁၅၀ ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံယူပြီး အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်ရှိ ဒဂုံပန်းခြံ၌ ကျင်းပသော ဒဂုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးခဲ့သည့် ရေအားဖြည့် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စက်ရေတွင်းရေဘားများကို ဖွင့်လှစ်ပေးကြပြီး ရေစတင်လွှတ်ပေးကြကာ ရေအရည်အသွေးကို ကြည့်ရှုစစ်ဆေးကြသည်။

ယခု ဖွင့်လှစ်သည့် ပန်းဘဲတန်းမြို့နယ်နှင့် ဒဂုံမြို့နယ် ရေအားဖြည့် စက်ရေတွင်းများသည် အချင်း ရှစ်လက်မရှိ၍ မြင်းကောင်ရေ ၁၀ စီရှိ ရေစုပ်စက်များကို အသုံးပြုထားပြီး တစ်နာရီလျှင် ရေဂါလန် ၈၀၀၀ ထွက်ရှိကာ ပန်းဘဲတန်းမြို့နယ် (၁၁) ရပ်ကွက်နှင့် (၈) ရပ်ကွက်ရှိ အိမ်ထောင်စု ၁၁၁၅ နှင့် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနှင့် ယောမင်းကြီးလမ်းတို့ရှိ အိမ်ထောင်စု ၁၀၀၀ ကျော် သောက်သုံးရေ ထပ်မံဖြည့်တင်းရရှိမည်ဖြစ်သည်။ ပန်းဘဲတန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့သည် ငမိုးရိပ်၊ ဂျိုးဖြူနှင့် လှော်ကားတို့မှ သောက်သုံးရေရရှိနေပြီး သောက်သုံးရေ ဖူလုံစွာရရှိရန် ယခုကဲ့သို့ စက်ရေတွင်းများ ထပ်မံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၁၉)




**၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ခဲ့သော ရေအားဖြည့် စက်ရေတွင်းဖွင့်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)များဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မြို့နယ်အတွင်းရေးမှူး ဦးအောင်နိုင်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်စဉ်။** (၁၉)

# နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် မတ် ၁၇ ရက် နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ‘ဝ’ဒေသ မိုင်းပတ်-ပန်ဆန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း နမ့်ဖရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ယခင်နှစ် မိုးရာသီတွင် ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြုပြင်မှုအခြေအနေကို စစ်ဆေး၍ လမ်းလုပ်ငန်းများ ပြီးစီးရေး ရှင်းလင်းမှာကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ဝိန်းကောင်ဒေသ ဖွံ့ဖြိုးရေးရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မိုင်းပတ်-ပန်ဆန်းလမ်း ကတ္တရာခင်းခြင်း နမ့်မလင်းဆူ လုပ်ငန်းခွင်သို့ ရောက်ရှိပြီး သတ်မှတ်အချိန်အတွင်း လုပ်ငန်းပြီးစီးရေးအတွက် ယန္တရားများ ထပ်မံဖြည့်တင်းသုံးစွဲနိုင်ရေး၊ ကျောက်လိုအပ်ချက် ပြည့်မီစွာ ထုတ်လုပ်ပေးနိုင်ရေးတို့ကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးပြီး လမ်းလုပ်သားများသို့ လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ဒေသဖွံ့ဖြိုးရေးရုံး(ပန်ဆန်း)သို့ ရောက်ရှိခဲ့ပြီး ပန်ဆန်းစက်မှုလက်မှုသင်တန်း ဖွင့်လှစ် ဆောင်ရွက်ထားရှိမှုနှင့် ဒေသဖွံ့ဖြိုးရေးရုံး(ပန်ဆန်း) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနက ဆောက်လုပ်လျက်ရှိသည့် ပန်ဆန်းမြို့ စက်မှုလက်မှုသင်တန်းကျောင်း ဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး ကျောင်းမြေနေရာ ပြုပြင်ထားရှိမှု၊ ကျောင်းအဝင်မြေသားလမ်း ဖောက်လုပ်ထားရှိမှု၊ ကျောင်းသားအိပ်ဆောင် တည်ဆောက်နေမှုနှင့် ရေရရှိရေး ဆောင်ရွက်မည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မတ် ၁၉ ရက် နံနက်ပိုင်းတွင် တန့်ယန်းမြို့ ဝေဠုဝန် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိခဲ့ပြီး ‘ဝ’ဒေသ စာသင်သား ရဟန်းသံဃာများအတွက် ဆွမ်းဆန်၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများအား ဝေဠုဝန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇထံ ဆက်ကပ်လှူဒါန်းပြီး နယ်စပ်ဒေသ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ရွှေမောင်း သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ပညာစာရီထံ ‘ဝ’ဒေသ စာသင်သား သီလရှင်များအတွက် ဆွမ်းဆန်အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကိုင်းကုန်းပရိယတ္တိ စာသင်တိုက်သို့ သွားရောက်၍ ကိုင်းကုန်းဆရာတော် ဘဒ္ဒန္တကုသလထံ ‘ဝ’ဒေသ စာသင်သား ရဟန်းသံဃာများအတွက် ဆွမ်းဆန်၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သွေးလှူရှင်များ သွေးလှူဒါန်းနိုင်

**ရန်ကုန် မတ် ၂၆**

ဆေးရုံအသီးသီး၌ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် (၉၉)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို မေတ္တာဗျူဟာအဖွဲ့ကကြီးမှူး၍ ဧပြီ ၁ ရက် နံနက် ၈ နာရီခွဲတွင် ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ စတင်ကျင်းပမည်ဖြစ်သည်။ သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော စွမ်းအင်အရင်းအမြစ်သစ်များ စင်ကာပူဖော်ထုတ်မည်

**စင်ကာပူ မတ် ၂၅**

စင်ကာပူနိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိသော စွမ်းအင် အရင်းအမြစ်သစ်များကို ဖော်ထုတ်နိုင်ရန် သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစိုးရက မတ် ၂၂ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

စွမ်းအင် အရင်းအမြစ်သစ်များ ဖော်ထုတ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် စင်ကာပူအစိုးရက အမေရိကန်ဒေါ်လာ သန်း ၁၁၀ ကျခံသုံးစွဲမည်ဖြစ်သည်။

စွမ်းအင် အရင်းအမြစ်သစ်များ ဖော်ထုတ်ရေးအစီအစဉ်ကို ငါးနှစ်ကြာ အကောင်အထည်ဖော်မည်ဖြစ်သည်။

ယနေ့မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ စွမ်းအင်ဝယ်လိုအား ကြီးမားလာသည်။ ရုပ်ကြွင်းလောင်စာများ ရှားပါးလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိဘဲ စွမ်းအင်ရယူနိုင်မည့် အရင်းအမြစ်သစ်များ ရှာဖွေဖော်ထုတ်ရန် လိုအပ်လာသည်။ ကမ္ဘာကြီးပူနွေးလာခြင်းသည် စွမ်းအင်ဝယ်လိုအား တိုးတက်စေသော အကြောင်းတရား တစ်ရပ်လည်းဖြစ်သည်။

စွမ်းအင်ဈေးကွက် ကြီးမားကျယ်ပြန့်လာသည်နှင့်အမျှ စွမ်းအင်အရင်းအမြစ်သစ်များ ဖော်ထုတ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်နိုင်ရန် လိုအပ်သည်။

သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတရှိစေမည့် စွမ်းအင်များတွင် နေစွမ်းအင်၊ ဇီဝလောင်စာများနှင့် လေစွမ်းအင်တို့ကဲ့သို့သော အဖန်ဖန်အသုံးပြုနိုင်သည့် စွမ်းအင်အရင်းအမြစ်များ ပါဝင်သည်။

စင်ကာပူ၏ စွမ်းအင်အရင်းအမြစ်သစ်များ ဖော်ထုတ်ရေး သုတေသနအစီအစဉ်၌ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားလျက်ရှိသည်။

***အင်တာနက်။***



တရုတ်နိုင်ငံ ဟေနန်ပြည်နယ် လိုဟဲမြို့ရှိ စားသောက်ကုန်ထုတ်လုပ်ရေးစက်ရုံ တစ်ရုံ၏ လုပ်ငန်းခွင်ကို မတ် ၂၆ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-ပေကျင်းရီဗျူး)*

## အီရန်ရေတပ် စစ်ရေးလေ့ကျင့်

**တီဟီရန် မတ် ၂၅**

အီရန်ရေတပ်က ဒုံးကျည်ပစ်လွှတ်သည့် ကိရိယာများ တင်ဆောင်လာသည့် သင်္ဘောငယ်များနှင့် နည်းဗျူဟာမြောက် ရေငုပ်သင်္ဘောများအသုံးပြု၍ ပင်လယ်ကွေ့ ဒေသတွင် ကြာသပတေးနေ့မှစတင်၍ ရက်သတ္တတစ်ပတ်ကြာ စစ်ရေးလေ့ကျင့်လျက်ရှိကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနကဖော်ပြသည်။

အီရန်စစ်ဘက်က ပင်လယ်ကွေ့ ဒေသတွင် ယခင်ကလည်း စစ်ရေးလေ့ကျင့်မှုများအကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုက ဒုတိယမြောက် လေယာဉ်တင်သင်္ဘောကို ပင်လယ်ကွေ့ဒေသတွင် ဖြန့်ကြက်ခဲ့သည်။

အီရန်ရေတပ်၏ ပုံမှန် စစ်ရေးလေ့ကျင့်မှုသည် ပါရှန်ပင်လယ်ကွေ့ဒေသကို ကာကွယ်စောင့်ရှောက်ရန်အတွက် စွမ်းပကား ပြသခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***



ဘီစီ ၂၂၁ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့သည့် တရုတ်နိုင်ငံရှိ မဟာတံတိုင်းကြီးသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာနေသည်ကို မတ် ၂၄ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

## မဟာတံတိုင်းကြီးပေါ်၌ ဈေးရောင်းချမှု ပိတ်ပင်မည်

**ပေကျင်း မတ် ၂၅**

တရုတ်နိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များ အလည်အပတ် လာရောက်လေ့ရှိသော မဟာတံတိုင်းကြီးပေါ်၌ ဈေးရောင်းချနေခြင်းကို တရုတ်အာဏာပိုင်များက ပိတ်ပင်သွားတော့မည်ဖြစ်ကြောင်း မတ် ၂၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

မဟာတံတိုင်းကြီးပေါ်တွင် လမ်းလျှောက်ဈေးသည်များက အထိမ်းအမှတ်ပစ္စည်းငယ်များ ရောင်းချလာခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။

လမ်းလျှောက်ဈေးသည်များသည် လမ်းဘေးဈေးဆိုင်များ ခင်းကျင်းကာ အထိမ်းအမှတ်ပစ္စည်းလေးများကို ရောင်းချခဲ့ကြသည်။ မဟာတံတိုင်းကြီးကို နေ့စဉ်လူအများအပြား လာရောက်ကြည့်ရှုကြပြီး ခရီးသည်များ အနီးအပါးသို့ ချဉ်းကပ်ကာ အထိမ်းအမှတ်ပစ္စည်းများကို ရောင်းချလေ့ရှိသည်။ လမ်းလျှောက်ဈေးသည်များအပြင် အခကြေးငွေယူ၍ ဓာတ်ပုံရိုက်ကူးပေးသူများလည်းရှိသည်။

လမ်းလျှောက်ဈေးသည်များ ပျားပန်းခပ်မျှ တိုးပွားလာခြင်းဖြင့် ကမ္ဘာလှည့်ခရီးသည်များ လေ့လာကြည့်ရှုမှုကို အနှောင့်အယှက်ဖြစ်နိုင်သည်။

ယခုအခါတွင်မူ မဟာတံတိုင်းကြီးတည်ရှိသည့် ယန်ကျင်းစီရင်စု၏ အာဏာပိုင်များက ယခုနှစ်ကုန်ထက် နောက်မကျဘဲ လမ်းလျှောက်ဈေးသည်များကို ဖယ်ရှားမည်ဖြစ်သည်။ တံတိုင်းကြီးပေါ်တွင် ဈေးရောင်းခြင်းကို ပိတ်ပင်မည်ဖြစ်ပြီး တံတိုင်းကြီး တည်ရှိရာနေရာမှ မလှမ်းမကမ်းတွင် ဖွင့်လှစ်ပေးထားသော ဈေးဆိုင်တန်းများတွင်သာ ရောင်းချခွင့်ပြုမည်ဖြစ်သည်။

***အင်တာနက်။***

## အိန္ဒိယမှ လျှပ်စစ်ဓာတ်အား နီပေါ ဝယ်ယူမည်

**ခတ္တမန္ဒူ မတ် ၂၅**

အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ရောင်းချရေးကော်ပိုရေးရှင်း (ပီတီစီ)မှ လျှပ်စစ်ဓာတ်အား ၂၃ မဂ္ဂါဝပ်ကို နီပေါနိုင်ငံ လျှပ်စစ်ဓာတ်အား အာဏာပိုင်အဖွဲ့ (အင်အီးအေ)က ဝယ်ယူသွားရန် အာဏာပိုင်များက သဘောတူ ခွင့်ပြုထားပြီး ဖြစ်သည်ဟု စနေနေ့ထုတ် ဟိမဝန္တာတိုင်းမ်သတင်းစာက ဖော်ပြသည်။

ဖော်ပြပါ သတင်းအချက်အလက်များကို နီပေါလျှပ်စစ်ဓာတ်အား အာဏာပိုင်အဖွဲ့မှ အမှုဆောင်ညွှန်ကြားရေးမှူး အာဂျန်ကာကီက ပြောကြားခြင်းဖြစ်သည်။

ကနဦးအဆင့် သဘောတူညီချက်တွင် ဓာတ်အားတင်သွင်းယူရေးလုပ်ငန်းကို လေးလအတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။ အစပထမတွင် ဓာတ်အားခ ဈေးကြီးမည်ဖြစ်သော်လည်း ရေရှည်တွင် ဓာတ်အားခစရိတ်သက်သာလာမည်ဖြစ်ကြောင်း ကာကီက ပြောကြားသည်။

ဆောင်းရာသီ ရာသီဥတုအေးသောကာလတွင်ပီတီစီက ဓာတ်အားပမာဏ မဂ္ဂါဝပ် ၅၀ ရောင်းချပေးနိုင်သော်လည်း ဖြန့်ဖြူးရေးလိုင်းများ အခက်အခဲရှိနေသည့်အတွက် နီပေါနိုင်ငံက အပြည့်အဝ မဝယ်နိုင်ဘဲ ရှိသည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

## တာမီဖလူးဆေးဝါး ဂျပန်နှင့် တောင်ကိုရီးယားတွင် သတိပေး

**ဆိုးလ် မတ် ၂၅**

တုပ်ကွေးရောဂါ တိုက်ဖျက်ရေး ဆေးဝါးတစ်မျိုးဖြစ်သော တာမီဖလူးဆေးဝါးသုံးစွဲခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်သည်ဟု ဂျပန်နိုင်ငံတွင် သတိပေးချက်တစ်ရပ် ပေါ်ထွက်ခဲ့ကြောင်း၊ ယင်းသတိပေးချက် ပေါ်ထွက်ခဲ့ပြီးနောက် တောင်ကိုရီးယားအစိုးရကလည်း အဆိုပါဆေးဝါးနှင့်ပတ်သက်၍ သတိပေးချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း မတ် ၂၄ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံတွင် တာမီဖလူးဆေးဝါးသုံးစွဲသူများစိတ်ပိုင်းဆိုင်ရာ သွေးလေချောက်ချားမှုများ ဖြစ်ပွားခဲ့သည်ဟု သတင်းများ ပေါ်ထွက်ခဲ့ကြောင်း၊ ဆရာဝန်များနှင့် ဆေးဝါးရောင်းချသူများအား ယင်းဆေးဝါးနှင့်ပတ်သက်၍ သတိပေးချက်တစ်ရပ် ထုတ်ပြန်မည်ဖြစ်ကြောင်း တောင်ကိုရီးယား စားနပ်ရိက္ခာနှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

တာမီဖလူးဆေးဝါးကိုအထူးသဖြင့် ဆယ်ကျော်သက်ရွယ်များအား သုံးစွဲခွင့်မပြုသင့်ကြောင်း ဂျပန်အစိုးရကပြောကြားသည်။ ဂျပန်နိုင်ငံတွင် တာမီဖလူးဆေးဝါးသောက်သုံးခဲ့သည့် ဆယ်ကျော်သက်ရွယ်နှစ်ဦးသည် သတ်သေရန်ကြိုးပမ်းခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

***အင်တာနက်။***

## ဘင်္ဂလားဒေ့ရှ်တွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိ

**ဒါကာ မတ် ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အနီး ကြက်ငှက်မွေးမြူရေးခြံ ခြောက်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိရပြီးနောက် နိုင်ငံတစ်ဝန်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ သတိပေးချက် ထုတ်ပြန်ထားကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဆာဗာမြို့ရှိ မွေးမြူရေးခြံခြောက်ခြံတွင် ကြက်ငှက်ကောင်ရေ ၄၂၄၀၀ ကျော် မွေးမြူထားရာမှ ကြက်ငှက် ၁၂၀၀၀ ကျော်သေဆုံးပြီး ကြက်ငှက် ၂၁၀၀၀ ကို သုတ်သင်ရှင်းလင်းခဲ့ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး အကြံပေးပုဂ္ဂိုလ် စီအက်စ်ကာရမ်က ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ ယာဉ်တိုက်မှု ဖြစ်ပွားပြီးနောက် တိမ်းမှောက်သွားသည့် မီးသတ်ကား တစ်စီးကို မတ် ၂၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## ကိုကင်းခြောက်တန် ကိုလံဘီယာရေတပ် ဖမ်းမိ

**ဘိုဂိုတာ မတ် ၂၅**

ပစိဖိတ်သမုဒ္ဒရာတွင် ကင်းလှည့်နေသည့် ကိုလံဘီယာရေတပ် သင်္ဘောတစ်စင်းက ကိုကင်းခြောက်တန်ကို သိမ်းဆည်းရမိကြောင်း၊ ဖမ်းဆီးရမိသော ယခုနှစ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများအနက် ပမာဏအများဆုံးဖြစ်ကြောင်း အာဏာပိုင်များက မတ် ၂၄ ရက်တွင် ပြောကြားသည်။

ကိုလံဘီယာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုကင်းထုတ်လုပ်သော ထိပ်တန်းနိုင်ငံဖြစ်နေသည်။

ယခု ဖမ်းဆီးရမိသော ကိုကင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ခန့်ရှိကြောင်း ပစိဖိတ်ကမ်းခြေရှိ ရေတပ်မှူး အာမီရယ်အော်လန်ဒိုမာလာက ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***



ဖိလစ်ပိုင်နိုင်ငံသမ္မတ အာရိုယို ဘင်ကွက်ပြည်နယ် လာထရီနီဒတ်မြို့၌ ကမ္ဘာ့ဂင်းနစ်မှတ်တမ်းဝင် သစ်သီးနှင့် မလိုင်အုပ်ထားသည့် အကြီးဆုံးကိတ်မုန့်ကို မတ် ၂၅ ရက်က လှီးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)




# ၂၀၁၀ပြည့်နှစ်အထိ အကောင်အထည်ဖော်မည့် အာကာသအစီအစဉ် တရုတ်ကြေညာ

**ပေကျင်း မတ် ၂၅**

တရုတ်အာကာသသိပ္ပံပညာရှင်များသည် ၂၀၁၀ပြည့်နှစ်အထိ အကောင်အထည်ဖော်မည့် အာကာသအစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း မတ် ၂၃ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

တရုတ်အမျိုးသားကာကွယ်ရေးဆိုင်ရာ သိပ္ပံနှင့်နည်းပညာ ကော်မရှင်က ရေးဆွဲထားသည့် အစီအစဉ်အရ ယခုနှစ်တွင် လလေ့လာရေး အာကာသယာဉ်တစ်စင်းကို စေလွှတ်မည်ဖြစ်သည်။ အဆိုပါအာကာသယာဉ်သည် လနှင့်သက်ဆိုင်နေသော သုံးဘက်မြင်ပုံရိပ်များကို ရိုက်ကူးကာ ကမ္ဘာမြေပြင်သို့ ပြန်လည်ပို့ပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် လူလိုက်ပါသောအာကာသယာဉ်တစ်စင်းကို စေလွှတ်နိုင်ရန်လည်း ပြင်ဆင်ဆောင်ရွက်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်တွင် နက္ခတ္တဗေဒဆိုင်ရာ ဂြိုဟ်တုတစ်လုံးကို မလွှတ်တင်မီ ၂၀၀၉ ခုနှစ်၌ ရှီကျန်း-၁၀ဟူ၍အမည်ပေးထားသော ဂြိုဟ်တုတစ်လုံးကို လွှတ်တင်ရန်ရှိသည်။

ရုရှားနိုင်ငံနှင့် ပူးတွဲဆောင်ရွက်မည့် အာကာသလေ့လာရေးအစီအစဉ်မှာ ကမ္ဘာ့ဂြိုဟ်တုလေ့လာစောင့်ကြည့်ရေးစခန်း ထူထောင်ဖွင့်လှစ်ရန်ဖြစ်သည်။ ၎င်းအပြင် ပြင်သစ်နိုင်ငံနှင့်လည်း ဂြိုဟ်တုတည်ဆောက်ရေး စီမံကိန်းတစ်ရပ်ကို ပူးတွဲဆောင်ရွက်မည်ဖြစ်သည်။ ***အင်တာနက်။***

# ဓာတ်ငွေ့တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ ထူထောင်ရေး ကမ္ဘာ့နိုင်ငံများ ဆွေးနွေးမှုမရှိသေးဟုဆို

**မော်စကို မတ် ၂၅**

ဓာတ်ငွေ့တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့တစ်ဖွဲ့ကို ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)နည်းတူ ဖွဲ့စည်းရန် အယူအဆတစ်ရပ်နှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများဆွေးနွေးမှု မရှိသေးကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူက မတ် ၂၅ ရက်တွင် ပြောကြားသည်။

ဓာတ်ငွေ့တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ ထူထောင်ရန် အယူအဆမှာ ကောင်းမွန်သော်လည်း ယင်းသို့ ထူထောင်နိုင်သည့် အခြေအနေတွင် မရှိသေးကြောင်း ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စ်ကော့ဗ်က ပြောကြားသည်။

ရုရှား၊ အီရန်၊ ကာတာနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့သည် ဓာတ်ငွေ့တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ကို ထူထောင်ဖွယ်ရှိသည်ဟု မကြာသေးမီက ခန့်မှန်းပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။ အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီ ကိုယ်တိုင်ကလည်း ဓာတ်ငွေ့တင်ပို့ ရောင်းချသော နိုင်ငံများအဖွဲ့ ထူထောင်ဖွဲ့စည်းသွားမည်ဟု ဇန်နဝါရီလအတွင်းက ပြောကြားခဲ့သည်။

ရုရှားနှင့် အီရန်နိုင်ငံတို့သည် ကမ္ဘာ့ဓာတ်ငွေ့သိုက် ထက်ဝက်ခန့်ကို ပိုင်ဆိုင်သောနိုင်ငံများဖြစ်ကြောင်း၊ အိုပက်အဖွဲ့နည်းတူ ဓာတ်ငွေ့တင်ပို့ရောင်းချသော အဖွဲ့တစ်ဖွဲ့ကို မိမိတို့ ထူထောင်လာနိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ***အင်တာနက်။***

# ဗြိတိသျှရေငုပ်သင်္ဘော မတော်တဆမှုဖြစ်ပွား

**လန်ဒန် မတ် ၂၅**

အာတိတ်သမုဒ္ဒရာတွင် စစ်ရေးလေ့ကျင့်နေသည့် ဗြိတိသျှရေငုပ်သင်္ဘောတစ်စင်းပေါ်တွင် မတော်တဆမှုဖြစ်ပွားခဲ့ရာ ရေတပ်သားနှစ်ဦး သေဆုံးကြောင်း မတ် ၂၄ ရက် ရိုက်တာသတင်း၌ ဖော်ပြသည်။

အဆိုပါ မတော်တဆမှုတွင် အသက်(၃၂) နှစ်ရှိစက်ပြင်ဆရာ ပေါမက်ကန်နှင့် အသက်(၂၀)ရှိ ပြုပြင်ထိန်းသိမ်းရေးမှူး အန်သိုနီဟန်ထရော့ဒ်တို့ သေဆုံးခဲ့သည်။ သင်္ဘောသားတစ်ဦးမှာဒဏ်ရာအနည်းငယ်ရရှိသည်။ ကနဦးစစ်ဆေးချက်အရ သင်္ဘောဦးပိုင်းရှိ လေသန့်စင်ရေးစက်ကိရိယာ ပျက်စီးသွားကြောင်း၊ သို့ရာတွင် ရေငုပ်သင်္ဘောကို အနည်းငယ်မျှသာ ထိခိုက်ပျက်စီးစေကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***




**အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ စစ်ဆန့်ကျင်ရေး ဆန္ဒပြနေသည်ကို မတ် ၂၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အိန္ဒိယလူမျိုးတစ်ဦး အာကာသခရီးစဉ်၌ လိုက်ပါမည်

**ကိုချီ မတ် ၂၅**

အိန္ဒိယနိုင်ငံသား စန်တော့ချ်ဂျော့ကာလန်ဂါရာသည် မကြာမီတွင် အိန္ဒိယနိုင်ငံ၏ ပထမဦးဆုံးသောအာကာသခရီးသည် ဖြစ်လာတော့မည်ဖြစ်သည်။

၎င်းသည် လေဘာအိန္ဒိယပုံနှိပ်ရေးလုပ်ငန်း၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သည်။ ထို့အပြင် မလေးယားလမ်းရုပ်မြင်သံကြားချန်နယ်မှ ခရီးသွားလုပ်ငန်းရုပ်သံအစီအစဉ်များကိုထုတ်လုပ်သူလည်း ဖြစ်သည်။ စန်တော့ချ်သည် လွန်ခဲ့သော ၁၀ နှစ်အတွင်း နိုင်ငံပေါင်း ၅၀သို့သွားရောက်ကာ ခရီးသွား ရုပ်သံဇာတ်လမ်းများ ထုတ်လွှင့်ခဲ့သည်။

စန်တော့ချ်သည် ဗာဂျင်းဂယ်လက်တစ် အာကာသယာဉ်ဖြင့်အာကာသခရီးကိုနှင်မည်ဖြစ်သည်။ ထိုအာကာသယာဉ်ခရီးစဉ်ကို ဗာဂျင်းအတ္တလန္တိတ်လုပ်ငန်းပိုင်ရှင် ဆာရစ်ချက်ဘရင်ဆန်က စီစဉ်ခြင်း ဖြစ်သည်။

ထိုအာကာသခရီးစဉ်တွင် လိုက်ပါနိုင်ရေးအတွက် စန်တော့ချ်သည် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ ပေးရသည်။ ***အင်တာနက်။***

# ပရိုတွန်ကားအရောင်းပြခန်းများ အင်ဒိုနီးရှားတွင် ဖွင့်လှစ်မည်

**ကွာလာလမ်ပူ မတ် ၂၅**

မလေးရှားနိုင်ငံရှိ ပရိုတွန်ကားကုမ္ပဏီသည် ၂၀၀၈ခုနှစ် မတ်လထက်နောက်မကျဘဲ ကားအရောင်းပြခန်းနှင့် ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံ ၁၀ ခုအထိ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းစာက မတ် ၂၄ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ငါးနှစ်တာကာလ၌ စုစုပေါင်းရောင်းချရသည့် ကားအရေအတွက်၏ ၁ ဒသမ ၇ ရာခိုင်နှုန်းသည် ပရိုတွန်ကားကုမ္ပဏီမှ ထုတ်လုပ်သောကားများဖြစ်ရန် မျှော်မှန်းထားကြောင်း ပရိုတွန်ကားကုမ္ပဏီ၏ အင်ဒိုနီးရှားဈေးကွက် ဒါရိုက်တာ၏ ပြောကြားချက်ကို ကိုးကား၍ နယူးစထရိတ်တိုင်းမ်သတင်းစာကဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# မလေးရှားရဲတပ်ဖွဲ့ဝင် အင်အားတိုးချဲ့ရန် စီစဉ်

**ကွာလာလမ်ပူ မတ် ၂၆**

မလေးရှားနိုင်ငံ၏ ရဲတပ်ဖွဲ့ဝင် အင်အားကို ၁၅၀၀၀၀ အထိ တိုးမြှင့်သွားရန်အတွက် လူသစ်အင်အား ၆၀၀၀၀ ထပ်မံဖြည့်တင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း ဒေသခံသတင်းစာက မတ် ၂၆ရက်တွင် ဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့၏ လုပ်ငန်းများ ပိုမိုများပြားလာသောကြောင့် လက်ရှိအင်အား ၉၀၀၀၀ဖြင့် လုံလောက်မှုမရှိဟု လူအများက ထင်မြင်ယူဆနေကြကြောင်း ရဲတပ်ဖွဲ့ အထက်တန်းအရာရှိ မူဆာဟာဆန်က ပြောကြားသည်။

လူသစ်များ စုဆောင်းခြင်းကို ယခုနှစ်နှောင်းပိုင်းတွင် စတင်မည်ဖြစ်သည်။ ရဲတပ်ဖွဲ့အင်အားများပြားလာခြင်းဖြင့် ပြစ်မှုများကို ထိန်းချုပ်နိုင်လိမ့်မည်ဟု ၎င်းက ရဲတပ်ဖွဲ့နေ့အခမ်းအနားအပြီးတွင် ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

**ဂျပန်နိုင်ငံ အီရှီကာဝါပြည်နယ် နာနာအိုမြို့၌ ငလျင်လှုပ်ပြီးနောက် အပျက်အစီးများကို မတ် ၂၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# ဂျပန်တွင် ငလျင်လှုပ် တစ်ဦးသေဆုံး ၂၀၀ ခန့် ဒဏ်ရာရ

**တိုကျို မတ် ၂၅**

ဂျပန်နိုင်ငံအလယ်ပိုင်း ကမ်းရိုးတန်းဒေသတွင် တနင်္ဂနွေနေ့က အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခဲ့ရာ တစ်ဦးသေဆုံးပြီး ၂၀၀ခန့် ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နံနက် ၉ နာရီ ၄၂ မိနစ်တွင် အင်အား ၇ ဒသမ ၁ ရှိ မြေငလျင်လှုပ်ခဲ့ကြောင်း၊ မြေငလျင်ကြောင့် အီရှီကာဝါ ပြည်နယ်တွင် လက်မ ၂၀ အမြင့်ရှိ ဆူနာမီရေလှိုင်း ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသအေဂျင်စီက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ဂျပန်ပင်လယ်၏ ကမ်းရိုးတန်းဒေသအချို့တွင် ဆူနာမီရေလှိုင်းငယ် ရိုက်ခတ်ခဲ့သည်ဟု အင်န်အိပ်ချ်ကေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

**ပျက်စီး**

မြေငလျင်ဘေးဒဏ်ကို အဓိကခံရသောမြို့မှာ နာနာအိုမြို့ဖြစ်သည်။ မြေငလျင်ကြောင့် နေအိမ်များနှင့် လမ်းများ ပျက်စီးခဲ့ရသည်။ နာနာအိုမြို့သည် တိုကျိုမှ မိုင် ၁၉၀ အကွာတွင် တည်ရှိသည်။ ***အင်တာနက်။***

# (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု အထူးကု ဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းကုသ

နေပြည်တော် မတ် ၂၆

**(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ကွင်းဆင်း၍ လူနာများအား ဆေးဝါးကုသကြသည်။**

အဆိုပါ ခရီးစဉ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်း၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်နှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်များ လိုက်ပါကြည့်ရှု အားပေးခဲ့ကြသည်။

ယင်းအထူးကုခရီးစဉ်တွင် လူနာများအား လိုအပ်သော စစ်ဆေးကုသမှုနှင့် ဆေးဝါးများ၊ မျက်မှန်များ ထောက်ပံ့ရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေကျပ် ၁၄ သိန်း လှူဒါန်းခဲ့သည်။

အဆိုပါခရီးစဉ်တွင် နေပြည်တော် (ခုတင်-၂၀၀) အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်း ဦးဆောင်၍ သမားတော်ကြီး၊ ခွဲစိတ်ဆရာဝန်ကြီး၊ သားဖွားမီးယပ်အထူးကုဆရာဝန်၊ ကလေးအထူးကုဆရာဝန်၊ မျက်စိအထူးကု ဆရာဝန်နှင့် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်တို့ ပါဝင်သော ဆေးကုသရေးအဖွဲ့က တပ်ကုန်းမြို့နယ်အတွင်းရှိ လူနာများအား ကြည့်ရှုစစ်ဆေး ကုသခဲ့ရာ အထွေထွေရောဂါ လူနာ ၃၄၃ ဦး၊ ခွဲစိတ်လူနာ ၄၃ ဦး၊ သားဖွားနှင့် မီးယပ်လူနာ ၄၁ ဦး၊ ကလေးလူနာ ၆၂ ဦး၊ မျက်စိလူနာ ၁၃၀၊ နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင် ၅၁ဦးနှင့် သွားဝေဒနာရှင် ၃၂ ဦး စုစုပေါင်း ဝေဒနာရှင် ၇၀၂ ဦးတို့အား ကုသပေးခဲ့သည်။ အဆိုပါ လူနာများမှ နေပြည်တော် (ခုတင်-၂၀၀) အထူးကုဆေးရုံကြီးသို့ လွှဲပြောင်းကုသရန် လိုအပ်သည့် လူနာ ၆၃ ဦးကို လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံမှ လူနာများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။** (မြို့တော်စည်ပင်)




# အခြေခံပညာ မူလတန်းကျောင်းများသို့ စာသင်ခုံများ၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု လုပ်ငန်းအတွက် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်ရှိ အခြေခံပညာ မူလတန်းကျောင်းရှစ်ကျောင်းသို့ စာသင်ခုံများ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် သရက်တော(တောင်)ရပ်ကွက် သရက်တော (၂)လမ်းရှိ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု လုပ်ငန်းအတွက် စာသင်ခုံနှင့် အထောက်အကူပစ္စည်းများလှူဒါန်းမှုနှင့် ပညာရေးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

ဆက်လက်၍ ကြည့်မြင်တိုင်မြို့နယ်ရှိ အမှတ် (၂)၊ အမှတ် (၁၃)၊ အမှတ် (၁၄)၊ အမှတ် (၁၅)၊ အမှတ် (၁၆)၊ အမှတ် (၁၇)၊ အမှတ် (၁၈)နှင့် ဝါးရုံဆိပ် အခြေခံပညာမူလတန်းကျောင်းများသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုယ်စား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ငွေကျပ်သိန်း ၃၀တန်ဖိုးရှိ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံ အစုံ ၁၀၀၊ အဖွဲ့ချုပ်ကိုယ်စား ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး၊ စီမံရေးရာဌာနကြီးမှူးဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၂၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံကြသည်။

ထို့နောက် ဗိုလ်မှူးချုပ် စည်သူ တင်ဖေ(ငြိမ်း)-ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး)တို့ကို အမှူးထား၍ မြတ်လေးရုံမိသားစုက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ခဲတံဒါဇင် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ အခြေခံပညာ မူလတန်းကျောင်းများကိုယ်စား အမှတ်(၂)အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွှန့်ညွှန့်ဝင်းက လက်ခံသည်။

ယင်းနောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ အဖွဲ့ချုပ် ပညာရေးလုပ်ငန်း အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ခိုင်စိုးမြင့်နှင့် စီမံရေးရာဌာနကြီးအဖွဲ့ဝင် ဒေါ်မေစန်းကြည်တို့က လက်ခံကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးသန့်ဇင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမျိုးသမီးရေးရာ ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ လူမှောင်ခိုကုန်ကူးမှုအကြောင်းများဆွေးနွေး

နေပြည်တော် မတ် ၂၆

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခန္တီးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ခန္တီးမြို့နယ် ဆင်သေရွာသို့ရောက်ရှိကြပြီး ဆင်သေကျေးရွာမှ အမျိုးသမီးများနှင့် တွေ့ဆုံကာ ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများကို မတ် ၁၉ ရက် ညနေပိုင်းတွင် ဆင်သေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။**

## ဆွေးနွေးပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက အမျိုးသမီးရေးရာ အဖွဲ့အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။ ယင်းနောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် ရောဂါအကြောင်းကို လည်းကောင်း၊ အဖွဲ့ဝင် ဒေါ်တင်တင်ညွှန့်က လူမှောင်ခိုနှင့် လူကုန်ကူးမှု အကြောင်းများကို လည်းကောင်း ဆွေးနွေး ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးပို့သော စာအုပ်စာစောင်များ၊ အမျိုးသမီးရေးရာ ဝတ်စုံများ၊ မုန့်ချို၊ အေးငြိမ်းသီတာ၊ ရုပ်ပျို၊ လင်ဇီး တိုင်းရင်းဆေးများကို တက်ရောက်လာသည့် သက်ကြီးရွယ်အိုများ၊ ကလေးမိခင်များနှင့် ကိုယ်ဝန်ဆောင်များကို လက်ဆောင်ပေးအပ်သည်။

## အဆိုပြုလွှာပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးထံ ဆင်သေကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နုက အဆိုပြုလွှာများ ပေးအပ်ရာ အဖွဲ့ဝင်အသိအမှတ်ပြု ကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များ ပြန်လည်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာသည့် အမျိုးသမီးများနှင့် ရင်းနှီးပွင့်လင်းစွာ စကားဝိုင်းဖွဲ့ဆွေးနွေးကြသည်။ ယင်းဆွေးနွေးဟောပြောပွဲနှင့် စကားဝိုင်းသို့ အမျိုးသမီးအင်အား ၂၁၂ ဦး တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ဆင်သေကျေးရွာ ဓမ္မပါလဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော်အား ဖူးမြော်ကာ ရဟန္တာရုပ်ပွားတော်များ၊ အလှူငွေများနှင့် မုန့်ချို၊ ရုပ်ပျို၊ အေးငြိမ်းသီတာ၊ လင်ဇီး စသည့် တိုင်းရင်းဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ဟောပြောပွဲကျင်းပ

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် အဖွဲ့ဝင်များ ခန္တီးမြို့နယ် ဆင်သေကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ဟောပြောပွဲကျင်းပစဉ်။** (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပျော်ဘွယ်မြို့နယ် ချောင်းကောက်ရေလှောင်တမံ ကြည့်ရှုစစ်ဆေး ဝင်ငွေရ နှစ်ရှည်သီးနှံပင်များ ဆည်ရေဝေ ရေလဲနေရာနှင့် ဆည်ဝန်းကျင်၌စိုက်ပျိုးရန်မှာကြား

နေပြည်တော် မတ် ၂၆

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၂၄ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ချောင်းကောက်ရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီနှင့် တွေ့ဆုံပြီး ဆည်ရေသိုလှောင်ရရှိမှု၊ဆည်ရေပေးမှု၊ မိုးနှင့်နွေသီးနှံစိုက်ပျိုးမှုများကို ဆွေးနွေးရာ လုပ်ငန်းဌာနတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။**

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ချောင်းကောက် ရေလှောင်တမံ၏ ရေလှောင်ထားမှုနှင့် နွေစပါးနှင့် မိုးကြို ချည်မျှင်ရှည်ဝါသီးနှံများ ဆည်ရေပေးဝေမှု အခြေအနေ၊ တာတမံထိန်းသိမ်းထားမှု အခြေအနေ၊ ထိန်းသိမ်းရေး ဝန်ထမ်းများ၏ ဆိတ်မွေးမြူမှုကို ကြည့်ရှုအားပေးပြီး ဝင်ငွေရနှစ်ရှည်သီးနှံပင်များ၊ ဆည်ရေဝေရေလဲနေရာနှင့် ဆည်ဝန်းကျင်တွင် စိုက်ပျိုးကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ချောင်းကောက် ရေလှောင်တမံမှ ညောင်ကုန်းတမံသို့ ဆက်သွယ်ထားသော လွှန်ငင်တမံနှင့် လက်ခုတ်ပင်တမံများ၏ ရေသိုလှောင်ထားမှု၊ တူးမြောင်းများ ထိန်းသိမ်းစောင့်ရှောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ချောင်းကောက်ရေလှောင်တမံမှ တစ်မိုင်ခန့် ရှည်လျားသည့် ဆက်သွယ်ရေး တူးမြောင်းမှ လွှန်ငင်တမံကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းပေး**

ယင်းနောက် လွှန်ငင်တမံမှ တစ်မိုင်ခန့်ကွာဝေးသည့် ဆက်သွယ်တူးမြောင်း တစ်လျှောက်မှ လက်ခုပ်ပင်တမံ၏ ရေဝင်ရရှိမှု၊ တမံဘေးပတ်ဝန်းကျင်တွင် ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးမှုနှင့် စိုက်ခင်းများကို လည်းကောင်း၊ ညောင်ကုန်းတမံ ရေသိုလှောင်ထားမှုကို လည်းကောင်း ကြည့်ရှုကာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ဆည်ရေရရှိမှု၊ ဆည်ရေပေးဝေမှုနှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆောင်ရွက်ရမည့် လုပ်ငန်းများ မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

**ရှင်းလင်းတင်ပြ**

ညနေပိုင်းတွင် ဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အတွက် မုန်တိုင်ဆည်သို့ ရေကူပေးနိုင်ရန်၊ တည်ဆောက်နေသော ရှမ်းမငယ် ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ပင်မတမံ ရေထုတ်ပြွန်၊ ရေပိုလွှဲတည်ဆောက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ရှမ်းမငယ်ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် မုန်တိုင်ဆည် ရေကူပေးနိုင်သည်သာမက ရေလှောင် တမံပတ်ဝန်းကျင်စိုက်ခင်းများဆည်ရေ ရရှိရေးနှင့် ကျေးလက် မီးလင်းရေး အတွက် အသေးစား ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး၊ တည်ဆောက်ရေး ကာလ ဆက်သွယ်သွားလာနေသည့် လမ်းများကို ကျေးရွာချင်း ဆက်သွယ်သည့် လမ်းများအဖြစ် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တည်ဆောက်နေသည့် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မုန်တိုင်ကျေးရွာတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မိသားစုနှင့် နယ်မြေခံ လူထု စုပေါင်းလှူဒါန်းထားသည့် စက်ရေတွင်း၏ ရေထွက်မှု၊ ကျေးရွာလူထု ရေအသုံးပြုမှုကို ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားပြီး စာသင်ကျောင်း ရေရရှိရေးနှင့် ကျေးရွာလူထုနှင့် ဈေးနေ့များတွင် လာရောက်သည့် နယ်မြေလူထုသောက်သုံး ရေရရှိရေးတို့အတွက်ကူညီပံ့ပိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ - တရုတ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စီးပွားရေး လုပ်ငန်းရှင် ၂၀၀ ကျော်တို့ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စများကို အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို မတ်၂၉ရက်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ယူနန်ပြည်နယ်မှ စီးပွားရေး လုပ်ငန်းရှင်များသည် သစ်၊ ဝါးနှင့် ပရိဘောဂလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ လက်ဖက်ခြောက်လုပ်ငန်း၊သကြားစက်လုပ်ငန်းအထည်အလိပ်လုပ်ငန်း၊ ဓာတ်မြေဩဇာနှင့် ဓာတုဗေဒဆိုင်ရာပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း၊ စက်ပစ္စည်း၊ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ဆွေးနွေးကြမည် ဖြစ်သည်။

စီးပွားရေး လုပ်ငန်းကဏ္ဍအလိုက် ပါဝင်ဆွေးနွေးရန်ရှိသည့် စီးပွားရေး လုပ်ငန်းရှင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ ဆက်သွယ် စာရင်းပေးသွင်းရန်နှင့် တက်ရောက်ခွင့်ရရှိပြီး စီးပွားရေး လုပ်ငန်းရှင်များသည်အဆိုပါနေ့ မွန်းလွဲ ၂နာရီခွဲအရောက် ကုန်သည်ကြီးများ ဟိုတယ်သို့လာရောက်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံစားဖိုမှူးများအသင်းက Tea Cocktail Competition Myanmar ကျင်းပ

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံ စားဖိုမှူးများအသင်း Myanmar Chefs Association သည် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Tea Cocktail Competition Myanmar ကို မတ် ၁၇ရက်တွင် သမ္မတဟိုတယ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို The Governor Residence မှ Ma Lai Ram Chann၊ ဒုတိယဆုကို Stand Hotel ဦးလှမြင့်၊ ဝဏ္ဏထွန်းနှင့် အောင်အောင်၊ တတိယဆုကို Manis Restaurant & Bar မှ စောမင်းမင်းအေးနှင့် မိုးမိုးအောင်တို့က ရရှိကြသည်။ ဆုများကိုဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ပေးအပ်ချီးမြှင့်သည်။ ယင်းပြိုင်ပွဲကို မြန်မာလူငယ်များ ဟိုတယ်စားပွဲထိုးလုပ်ငန်း ကျွမ်းကျင်လာစေရန်နှင့် မြန်မာ့လက်ဖက်ရည်ကို ပိုမိုကောင်းမွန်သော နည်းသစ်များဖြင့် ဖျော်စပ်တည်ခင်းနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## သာသနာပြုကျောင်းတော်ကြီးအတွက်လှူဒါန်းနိုင်

ရန်ကုန် မတ် ၂၆

ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်မှ သာသနာပြုဆရာတော် ဘဒ္ဒန္တ တေဇောသာရ (ဓမ္မစရိယ၊ ဘီအေ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)သည် ရန်ကုန်မြို့၊တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၃၁၄)တွင်ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရ သာသနာပြုသုံးထပ်ကျောင်းတော်ကြီးကို ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ သုံးထပ်ကျောင်းတော်ကြီးအတွက် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်-ဒေါ်ရွှယ်ဂျာ၊ (သား)သီဟတင်မြင့်၊ (သမီး)မေဇွန်တင်မြင့်၊ မြတ်စပယ်တင်မြင့်မိသားစုတို့က ငွေကျပ်တစ်သိန်းငါးသောင်း၊ ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်-ဒေါ်ခင်သန်းနွဲ့၊ (သား)ဗိုလ်ကြီးအာကာ၊ (သမီး)မခင်ပပဝင်း၊ မခင်ရွှေစင် ဝင်း၊ မခင်သဇင်ဝင်း မိသားစုတို့က ငွေကျပ်နှစ်သိန်း၊ ချင်းပြည်နယ် ရဲတပ်ဖွဲ့ဝင် အရာရှိအရာခံ မိသားစုတို့က ငွေကျပ်သုံးသိန်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သိန်းဟန်-ဒေါ်မြမြဝိုင်း မိသားစုတို့က ငွေကျပ်သုံးသိန်းတို့ကို သာသနာပြုဆရာတော်ထံ လှူဒါန်းခဲ့ကြသည်။

လှူဒါန်းလိုသူများသည် ချင်းတောင်တန်းသာသနာပြုဆရာတော် ဖုန်း- ၀၉-၅၀၁၁၄၂၀၊ ၅၄၅၁၅၃(ရန်ကုန်)နှင့် ၀၇၀-၂၁၁၃၂(ဟားခါး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## အထက(၁) အလုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၆

အလုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ယခင် ပဲခူးကရင် တန်းမြင့်ကျောင်း)တွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၅၅)နှစ်အထက်၊ လုပ်သက် (၂၅)နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက တတိယအကြိမ် ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းပူဇော်လိုသော ကျောင်းသား၊ ကျောင်းသူများသည် ဆရာမ ဒေါ်ရီးလေ၊ ဆရာမ ဒေါ်အေးပွင့်၊ ဆရာမ ဒေါ်လားမီ၊ ဆရာမ ဒေါ်မြင့်မြင့်စိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်တင် ဖုန်း- ၂၂၀၅၉၈၊ ဒေါက်တာလွင်လွင်ဦးလှိုင် ဖုန်း- ၀၉၅၁ ၃၅၀၂၁၊ ကိုအောင်ကျော်သန်း ဖုန်း- ၀၉၅၀ ၀၆၇၁၁နှင့် မသီတာထွေး ဖုန်း-၀၉၅၁ ၁၁၃၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

## ဒဂုံ အလက(၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

ဒဂုံမြို့နယ် အလက(၂) (ယခင် မင်းမနိုင်အလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ယူခဲ့ကြသည့် ကျောင်းအုပ်ကြီးများနှင့် သက်ပြည့်ပင်စင်ယူခဲ့ကြသော ဆရာ၊ ဆရာမများအား ကျောင်းသားဟောင်းများက (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် မေ ၁ ရက် (အင်္ဂါနေ့)၌ အလက(၂)ဒဂုံ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၃၇၉၁၇၈၊ ကိုနိုင်ဦး ဖုန်း-၀၉-၅၁-၉၉၉၉၂၊ ဒေါ်စန်းစန်းဝေ ဖုန်း-၅၁၉၂၇၄၊ ၅၁၉၃၀၂၊ ဒေါ်ခင်စုစုကြည် ဖုန်း-၃၇၄၀၈၅၊ ဒေါ်ခင်အေးမူ ဖုန်း-၃၇၄၁၂၃(ကျောင်းချိန်)၊ ကိုတင်အေး ဖုန်း-၂၄၂၄၇၂၊ ကိုငြိမ်းချမ်းဦး ဖုန်း-၀၉-၈၀-၂၄၀၇၂ နှင့် ကိုကျော်လင်းထက် ဖုန်း-၀၉-၉၉-၂၈၀၂၀ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြသည်။ မတ် ၃၀ ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် အလက(၂)ဒဂုံ၌ အာစရိယပူဇော်ပွဲနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ကျောင်းချိန်အတွင်း အလက(၂)ဒဂုံ၌ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၆)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ နယ်လှည့် စာကြည့်တိုက်နှင့် ဟောပြောပွဲကို မတ် ၁၆ ရက်က ကျင်းပရာ စာကြည့်တိုက်နာယက ဦးတင့်ဝေ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလေးနှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်စမ်းစမ်းအေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ လသာမြို့နယ် (၂)ရပ်ကွက် စာကြည့်တိုက်၌ မတ် ၁ ရက်တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဟိန်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်မူမူတင်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၇-၃-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
**၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
**၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
**၄:၅၅** ၆။ မျိုးချစ်တပ်မတော်
**၅:၂၅** ၇။ ပညာခေတ်
**၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၁။ မိုးလေဝသသတင်း
**၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ်ရှားတယ်" (အပိုင်း-၁)**
**၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မွေးမြူသုတ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၁၆)**
၁၉။ သင့်အတွက်မနက်ဖြန်
၂၀။ အပိတ်နှုတ်ဆက်စကား
၂၁။ ပြီးပါပြီ။

# ငွေဆောင်မြို့ဦးစေတီတော် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ကြည်ညို ငွေဆောင်ဟိုတယ်များ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၆

**ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငွေဆောင်မြို့ဦးစေတီတော် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို မတ် ၁၀ ရက် နံနက် ၇ နာရီခွဲက အဆိုပါစေတီတည်ထားကိုးကွယ်မည့် မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ တိုင်းသံဃနာယက ဥက္ကဋ္ဌ ကုန်းသာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသအမှူးပြုသော သံဃာတော်ကိုးပါး ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။**

အစီအစဉ်အရ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး တိုင်းသံဃနာယကဥက္ကဋ္ဌ ကုန်းသာကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

## ဆက်ကပ်ပူဇော်

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာရွှေကြုတ်တော်၊ ရတနာအုတ်မြစ်တော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများကိုလည်းကောင်း သံဃာတော်များထံ ဆက်ကပ်ပူဇော်ကြပြီး ကုန်းသာကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## လှည့်လည်ပူဇော်

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာရွှေကြုတ်တော် မော်ကွန်းကမ္ပည်း ကျောက်စာတော်နှင့် ရတနာအုတ်မြစ်တော်များကို အုတ်မြစ်တော်စီမည့် နေရာသို့ ပင့်ဆောင်၍ လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် မင်္ဂလာဘိသေကပညာရှင် ဦးထိန်လင်းက မင်္ဂလာအခါတော်စာတမ်း ဖတ်ကြားပြီး မင်္ဂလာအချိန်၌ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာရွှေကြုတ်တော်၊ ပတ္တမြားရတနာ အုတ်မြစ်တော်နှင့် ကမ္ပည်းမော်ကွန်း ကျောက်စာတော်တို့ကို သတ်မှတ်နေရာများအလိုက် ထည့်သွင်းပူဇော်ကြသည်။

ယင်းနောက် တိုင်းမှူးက ရတနာအုတ်မြစ်တော်များကို အမွှေးနံ့သာများ ပက်ဖျန်းပေးပြီး သံဃာတော်များက ဇယမင်္ဂလာဗောဓိယာမူလေ အစချီသော ဂါထာကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မြို့ဦးစေတီအတွက် အလှူငွေများ ပေးအပ်ပွဲကျင်းပရာ Yuzana Resort မှ ဦးဝင်းမြင့်က ကျပ်သိန်း ၅၀၊ Htoo Trading မှ ဦးဇော်ဝင်းက ကျပ်သိန်း ၃၀၊ Synng Paradise Resort မှ ဒေါက်တာဝင်းမင်းသစ်က ကျပ် ၂၇ သိန်း၊ Silver View Hotel မှ ဦးလှမောင်ရွှေက ငွေကျပ်၂၅သိန်း၊Golden Shell Resort မှ ဦးကြီးစိန်က ကျပ်သိန်း ၂၀တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ရွတ်ဆို ရုပ်သိမ်းလိုက်သည်။

ဉာဏ်တော် (၂၇) တောင်ရှိ ငွေဆောင်မြို့ဦးစေတီတော် တည်ထားရန်အတွက် ဟိုတယ်လုပ်ငန်းရှင်များ၊ အလှူရှင်များ၊ ဒေသခံများ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် သိန်း ၂၆၀ ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူးသည် Aurum Place Resort ဖွဲ့စည်းတည်ဆောက်မှု၊ ငွေဆောင်ပြည်သူ့ဆေးရုံတည်ဆောက်ပြီးစီးမှုနှင့်မကြာမီ ဖွင့်လှစ်တော့မည့် ငွေဆောင် ကမ်းခြေ Dream Paradise Resortနှင့် Bay of Bemgal တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးခဲ့ ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)




**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ငွေဆောင်မြို့ဦးစေတီတော်အတွက် အလှူတော်ငွေများကိုလက်ခံစဉ်။** (သတင်းစဉ်)






# (၆၂)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဖွင့်လှစ်ပြသ

ရန်ကုန် မတ် ၂၆

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ပြသရာ ရဟန်းရှင်လူ ပြည်သူ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၁၂ ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

## ပြခန်းများ

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲတွင် ဝန်ကြီးဌာန ပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ပြခန်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြခန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၏ တပ်မတော်သမိုင်းပြခန်း စသည်တို့ကို ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်များဖြင့် ဝေဝေဆာဆာ ခင်းကျင်းပြသထားသည်။

အဆိုပါပြပွဲကို ယနေ့မှ ဧပြီ ၄ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

## ကြည့်ရှုလေ့လာ

**၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို တပ်မတော်စစ်သမိုင်းပြတိုက်၌ပြသရာ ပြည်သူများ ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

➪ ကျောဖုံးမှ

လာမည့်သစ်ထုတ်မည့်ရာသီအတွက် သစ်ထုတ်ရန်ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်း သစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးမိုးက ဧရာဝတီတိုင်းအတွင်း သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လာမည့်သစ်ထုတ်ရာသီအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ဓာတ်လမ်းပမာ ထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၆

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သစ္စာစိုး၏ **"လွမ်းလွင့်လိပ်ပြာ"** မြန်မာဓာတ်လမ်းကို ဦးသန်းလှိုင်သစ် ဘာသာပြန်ဆိုပြီး "A heart rending Loitering Butterfly" အင်္ဂလိပ်ဓာတ်လမ်းအဖြစ် မြန်မာ့အသံရေဒီယို အင်္ဂလိပ်ပိုင်းအစီအစဉ်မှ မတ် ၂၇ ရက် ည ၉နာရီတွင် ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဓာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် မင်းဦး၊ လျှမ်းထက်နှင့် ချစ်စနိုးဦးတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ (သတင်းစဉ်)



**(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သစ္စာစိုး၏ "လွမ်းလွင့်လိပ်ပြာ" ဓာတ်လမ်းကို မြန်မာ့အသံရေဒီယို အင်္ဂလိပ်ပိုင်းအစီအစဉ်မှ ထုတ်လွှင့်ရန် ရုပ်ရှင်သရုပ်ဆောင် မင်းဦး၊ လျှမ်းထက်နှင့် ချစ်စနိုးဦးတို့ ပါဝင်သရုပ်ဆောင် အသံသွင်းကြစဉ်။**

(သတင်းစဉ်)



# (၇၅)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် မတ် ၂၆

(၆၂)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) စီမံရေးဌာနခွဲမှ ဒု–လက်ထောက်ဦးစီးမှူး ဦးကျော်ဟန် လူမှုထူးချွန်(ပထမဆင့်)**(အပေါ်ပုံ)**သည် ရန်ကုန်ဗဟိုအမျိုးသားသွေးလှူဌာနတွင် မတ် ၁၅ရက်၌ (၇၅)ကြိမ်မြောက် သွေးလှူဒါန်းသည်။ (က–ပ)

# သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများ တိုင်းမှူး လိုက်လံကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၆

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် မတ် ၂၄ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။**

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ ဝင်းသူဇာအရောင်းဆိုင် ခန်းမ၌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက ရောဂါကြိုတင်ကာကွယ်ရေး အတွက် သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် မြို့နယ်/ရပ်ကွက်များ၌ ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများတွင် ပြည်သူအများက ကျန်းမာရေးအသိ အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ ရပ်ကွက်များအလိုက် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်ဧကအတိုင်းရာနှုန်းပြည့် အကောင်အထည်ဖော် စိုက်ပျိုးကြရန်မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၄) ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆေးဖျန်းနေမှုနှင့် ကျန်းမာရေးပညာပေး ဟောပြောမှုတို့ကို လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ကြည့်ရှုစစ်ဆေး

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## သင်္ကြန် ၁၀ရက် တရားစခန်း ဖွင့်လှစ်မည်

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ၈ရပ်ကွက် နာနတ်တောလမ်း ဣစ္ဆာရာမကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၁၁၃) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာဝံသ (ဓမ္မာစရိယ) နှင့် တပည့်များက ဧပြီ ၁၃ရက်မှ ၂၂ရက်အထိ တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများ အချိန်မီ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး** H.E. Mr. Mikhail MGELADZE **လာရောက်တွေ့ဆုံစဉ်။** (စွမ်းအင်)



## အမှာစကားပြောကြား

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ အဖွဲ့ဝင်နိုင်ငံများ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေး စီမံချက်မန်နေဂျာများ အစည်းအဝေးတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စံရွှေဝင်း အမှာစကားပြောကြားစဉ်။**

(ကျန်းမာရေး)

# စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် မတ် ၂၆

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး** H.E. Mr. Mikhail MGELADZE **သည် ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက် တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)







# အရှေ့တောင်အာရှဒေသ အဖွဲ့ဝင်နိုင်ငံများ ဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေး အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၆

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ အဖွဲ့ဝင် နိုင်ငံများ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးစီမံချက်မန်နေဂျာများ အစည်းအဝေးကို ယနေ့မှ မတ် ၃၀ရက်အထိ ရန်ကုန်မြို့** **Park Royal Hotel** **၌ ကျင်းပလျက်ရှိသည်။**

အစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လဒိုက်၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### ညှိနှိုင်းဆွေးနွေးမည်

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဦးဆောင်ရေးဆွဲခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ယခုကျင်းပသည့် အစည်းအဝေးတွင် အရှေ့တောင်အာရှဒေသအဖွဲ့ဝင်နိုင်ငံများ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်းကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရောဝတီတံတား ( ရတနာပုံ ) တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မတ် ၂၆

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ မန္တလေးဘက်ကမ်း စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဌေးမြင့်နှင့် စစ်ကိုင်းဘက်ကမ်းတာဝန်ခံ အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းတို့က လုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။**

ရှေးဦးစွာ ဝန်ကြီးသည် မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်းနှင့် တံတားကြီးအဆင်းတို့ ဆက်သွယ်သည့် မန္တလေးဘက်ကမ်းအဝိုင်းပတ်လမ်းကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီးပေါ်သို့ မော်တော်ယာဉ်များဖြင့် တက်ရောက်၍ ချဉ်းကပ်တံတားနှင့် ပင်မတံတားကြီးပေါ်၌ နိုင်လွန်ကတ္တရာခင်းလုပ်ငန်းပြီးစီးမှု၊ တံတားကြီး အချောသတ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ပင်မခုံးတံတားထိန်းအဆိုင်းသံပေါင် (Suspender) များကို အားဖြည့်သည့် လေဒဏ်ထိန်းချုပ်တန်းများ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည်စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက ချဉ်းကပ်လမ်းကတ္တရာခင်းပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်ဆဲ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးက လမ်းလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးရေး၊ မီးရထားလမ်းနှင့် တံတားချဉ်းကပ်လမ်းအကြား ရေစီးဆင်းမှု စနစ်မှန်ကန်အောင် ဆောင်ရွက်ရေး၊ တံတားကြီးအပေါ် လမ်းသွယ်များမှ အတက်အဆင်းအဝင်အထွက်မှန်ကန်၍ အန္တရာယ်ကင်းအောင် စီမံဆောင်ရွက်ရန်တို့ကို မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## ကြူးဇက် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

**ရန်ကုန် မတ် ၂၆**

ပြင်ဦးလွင်မြို့ ကြူးဇက်ကျောင်းသူကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၈ရက် (စနေနေ့)ညနေ ၅နာရီတွင် ပြင်ဦးလွင် Royal Diamond ခန်းမ၌ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးကျောင်းသားကျောင်းသူဟောင်းများ အမြန်ဆက်သွယ်ကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ထူးချွန်စွာအောင်မြင်ကြသော သားသမီးများ၏ အမှတ်စာရင်းမိတ္တူ ဓာတ်ပုံတို့ကို ရန်ကုန်မြို့ Salim+Swe Swe Than (နားကြားကိရိယာ ရောင်းဝယ်ရေး) ဖုန်း ၀၉-၅၁-၆၆၄၁၆၊ ၀၁-၃၈၆၅၅၂၊ Anita Winn+ Nilar Winn ဖုန်း ၀၉-၅၁-၉၅၉၆၉၊ ဒေါ်ကြည်ကြည်ဝင်း(ရွှေကျီးမုန့်ကြွပ်) ဖုန်း ၀၂-၂၇၀၈၅ မန္တလေးမြို့နှင့် ဦးဇော်ထွဏ်း (လောကနတ် ပန်းချီ) ဖုန်း ၀၈၅-၂၂၉၀၀ ပြင်ဦးလွင်တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၃-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆:၀၀ ၁။ **(၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်**
၈:၂၀ ၂။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၅ ၃။ International News.
၉:၀၀ ၄။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၅၅ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၆ခုနှစ်)
၅:၀၅ ၆။ **"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၅:၁၀ ၇။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၂၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာ ဘဝပင်ခြားသော်လည်း" (အပိုင်း-၇)**
၇:၃၅ ၁၃။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၄၅ ၁၄။ ပြည်သူ့အတွက်တပ်မတော် (ခေတ်အဆက်ဆက် မပျက်တာဝန်ကျေပွန်သည့်တပ်မတော်)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **"သားကောင်းမိခင်"(အပိုင်း-၁) (လွင်မိုး၊ ဇင်ဝိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း (Examplez)၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း) [ဒါရိုက်တာ-ပန်းချီစိုးမိုး]**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

## မဟာစည်ဝိပဿနာ သကြံန်တရားစခန်းပွဲ

**ရန်ကုန်　မတ်　၂၆**

မဟာစည်နာယကနှင့် နယ်လှည့်ဓမ္မကထိက သရက်မြို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္မဋ္ဌာနာစရိယ သာသနာ့အလင်းရောင် ဆရာတော် အရှင်ကုသလ (ဓမ္မာစရိယ)ဦးစီး၍ မဟာစည်ဝိပဿနာ သကြံန်တွင်း အထူး (၁၀)ရက်ဝိပဿနာသင်တန်းကို ဧပြီ ၁၀ ရက်မှ ၂၂ ရက် (တနင်္ဂနွေနေ့)အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီ ၁၀၀သာ လက်ခံမည်ဖြစ်သဖြင့် သာသနာ့အလင်းရောင်စာသင်တိုက်သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး ယောဂီများ ဧပြီ ၁၀ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

## ကော့သောင်းမြို့ သကြံန်တရားစခန်း

**ရန်ကုန်　မတ်　၂၆**

မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် ရန်အောင်ကျောင်းတိုက် ပုပ္ပား(၃)ကျောင်း မိုးကုတ် ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒသိရီသည် ကော့သောင်းမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၀၉) ၌ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်မှ ကဆုန်လဆန်း ၂ ရက် (ဧပြီ ၁၁ ရက်မှ ၁၇ ရက်)အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## မဟာစည် ဝိပဿနာတရားစခန်း

**ရန်ကုန်　မတ်　၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်၌ (၁၁)ကြိမ် မြောက် မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရားစခန်းကို ၁၃၆၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၀ရက် ဧပြီ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)မှ ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၆ရက် ဧပြီ ၂၁ရက် (စနေနေ့)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများနှင့် လှူဒါန်းလိုသူများသည် ကျောင်းတိုက်ပဓာန နာယက ဆရာတော် ဖုန်း-၅၇၁၁၃၄၊ ၀၉-၅၁၃၅၄၇၀၊ ဗိုလ်မှူးကြီး တင်လှိုင်(လေ)(ငြိမ်း) အငြိမ်းစားသံအမတ်ကြီး ဖုန်း-၆၆၂၆၆၉၊ ဦးစိန်မင်း ဖုန်း-၂၉၂၁၁၄၊ ၀၉-၅၀၀၉၇၂၈ သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



## အလက(၁)တာမွေမြတ်ဆရာပူဇော်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ၁၉၅၈ ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများအား ထိုနှစ်များအတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ကျောင်းခန်းမ၌ မတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ယင်းအခမ်းအနား၌ ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင်ကျရောက်မည့် ကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားစည်ကားစွာ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ မ,တည်လှူဒါန်းငွေကျပ်နှစ်သိန်းကို ကျောင်းသားဟောင်းတစ်ဦးက ပေးအပ်ရာ အခမ်းအနားကျင်းပရေးကော်မတီကိုယ်စား အငြိမ်းစားဆရာကြီး ဦးဝင်းကြည်က လက်ခံသည်။ **(အပေါ်ပုံ)** ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဖုန်း-၅၅၄၁၇၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မာန်ပြေရန်ပြေ ဆုတောင်းပြည့်စေတီ မဟာပဋ္ဌာန်းပူဇော်ပွဲ

**ရန်ကုန်　မတ်　၂၆**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မာန်ပြေရန်ပြေ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၌ (၁၂) ကြိမ်မြောက် မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို မတ် ၂၉ရက် နံနက် ၉ နာရီမှ ဧပြီ ၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ အလှူရှင်အပေါင်းတို့အား ပဋ္ဌာန်းသိမ်းအောင်ပွဲမင်္ဂလာနှင့် မြတ်စွာဘုရား အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော် အရှင်သူမြတ် ၃၉ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်းသိရသည်။ (၅၃၂)

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ ဆွမ်းဆန်တော်များ လှူဒါန်းပွဲကျင်းပ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ သက်တမ်း(၈၁)နှစ်အတွင်း နှစ်စဉ်လေးလတစ်ကြိမ် လှူဒါန်းမြဲ အကြိမ်(၂၃၀)မြောက် တပေါင်းလ ဆွမ်းဆန်တော်များ လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်းအတွင်း မြို့နယ် ၃၂ မြို့နယ်၊ စာသင်တိုက်ကျောင်း ၂၀၃ ကျောင်း၊ သံဃာတော် ၂၂၅၀၈ ပါးတို့အတွက် လှူဒါန်းသည့်အနက် သံဃာတော် ၄၃၆ပါးရှိသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)သို့ ဆွမ်းဆန်တော် ၇၁ အိတ် လှူဒါန်းပွဲကို မတ် ၂၄ရက် နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်အတွင်းရှိ မိုးကုတ် ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကေသရထံမှ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆွမ်းဆန်တော် ၇၁ အိတ်နှင့် အလှူငွေကျပ် ၁၅၀၀၀၀ ကို အသင်းကြီး၏ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ချုပ်တို့က ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံရယူသည်။

ထို့နောက် ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က အနုမောဒနာတရားနာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး လှူဒါန်းပွဲကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပထမအကြိမ် မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပြပွဲပြိုင်ပွဲနှင့် ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူး၍ ပထမအကြိမ် မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပြပွဲပြိုင်ပွဲနှင့် ဆွေးနွေးပွဲကို မေ ၅ ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသီးအနှံများမှာ သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီ၊ သင်္ဘော တို့ဖြစ်သည်။

ပြိုင်ပွဲဝင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးသည့်ဒေသနှင့် မျိုးမည်တို့ကို ဖော်ပြရမည်ဖြစ်ပြီး မိမိကိုယ်တိုင် စိုက်ပျိုးပြုစုထားသော အပင်ဖြစ်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်သီးနှံများကို မေ ၄ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ပို့ဆောင်ပေးရမည်ဖြစ်သည်။ မေ ၅ရက် ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆုပေးပွဲကို ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို လှို့ဝှက်သင်္ကေတဖြင့် လက်ခံပြီး ကျွမ်းကျင်ပညာရှင်များက အမှတ်ပေးမည်ဖြစ်သည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအပြင် ပန်းမန်ကိုပါ ထည့်သွင်းပြသမည်ဖြစ်သည်။ ထို့အပြင် ပညာပေးပြခန်း၊ အရောင်းပြခန်းနှင့် စိုက်ပေါင်းပြခန်းများကိုပါ ခင်းကျင်းပြသမည်ဖြစ်သည်။ ဌာနဆိုင်ရာပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများနှင့် ပုဂ္ဂလိကပြခန်းများ ပါဝင် ပြသနိုင်ရန် စီစဉ်ထားရှိသည်။

ထို့အပြင် သီးနှံအုပ်စု အမျိုးအစားအလိုက်၊ ဘာသာရပ်အလိုက် ဆွေးနွေးပွဲများကိုပါ ကျင်းပသွားမည်ဖြစ်သည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း ဒဂုံစင်တာ Block. A, 6th Floor၊ ဖုန်း-၅၀၃၅၁၆ မှ ၉ အထိ (Ext-113)၊ Fax ၅၁၆၆၁၆ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)



**သဒ္ဓမ္မဇောတိကဓဇဘွဲ့ချီးမြှင့်ခြင်းခံရသော ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ အဖွဲ့ဝင် စာချဂဏဝါစက ဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသ အရှင်သူမြတ်အား ပူဇော်ပွဲကို မတ် ၁၁ ရက်က ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးဓမ္မဗိမာန် စာသင်တိုက်၌ကျင်းပရာ အလှူရှင်များက အလှူငွေများ ဆက်ကပ်လှူဒါန်းကြစဉ်။** (က-ပ)



**မန္တလေးဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း(ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ ဒေါ်မြင့်ရွှေက ကျောင်း အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် (မဟာသိမ်တော်ကြီး စာချ-နာယက) ဆရာတော် ဦးဂန္ဓသာရ ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။** (ကြေးမုံ)



**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (ရွှေသင်္ဂီရတနာ ဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်) သို့ အစ်မ ဒေါ်မြကျင်အားရည်စူး၍ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းနေ ဦးကျော့ရှင်း၊ ဒေါ်ခင်ခင်စော၊ သမီး မမဥ္ဇူကျော့၊ သားများ မောင်လှဘုန်း၊ မောင်အောင်ဇေယျ၊ မောင်ဇေယျလင်းတို့က ငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ထံ လှူဒါန်းစဉ်။** (က-ပ)




### လက်ခံ

**မရမ်းကုန်းမြို့နယ် ပါရမီ စည်ပင်သာယာလမ်းနေ အဘွား ဒေါ်ခင်မျိုးဝင်း၊ မြစ် သမီးလေး ယမုံအေးတို့၏ မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူ ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။** (က-ပ)



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလက်အောက်ရှိ လှိုင်မြို့နယ် အမှတ်(၀၁) ဖွဲ့နှဆီစက်တွင် မတ် ၂၁ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုကို လှိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်မြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့နှင့် ဖွဲ့နှဆီစက်မှ စက်ရုံမှူး ဒေါ်ခင်လှမွန် ခေါင်းဆောင်သော ဝန်ထမ်းများ ပူးပေါင်းပြီး လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်စဉ်။** (က-ပ)

# ၂၀၀၇ ခုနှစ် အာဆီယံတံခွန်စိုက် ဖူဆယ်ဘောလုံးပြိုင်ပွဲ မြန်မာဖူဆယ်လက်ရွေးစင်အသင်း ပွဲဦးထွက်ဂိုးပြတ်နိုင်

**ရန်ကုန် မတ် ၂၆**

၂၀၀၇ခုနှစ် အာဆီယံတံခွန်စိုက် ဖူဆယ်ဘောလုံးပြိုင်ပွဲ (AFF Futsal Championship 2007)ကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Hua Mak Indoor Stadium၌ ကျင်းပရာ မြန်မာဖူဆယ် လက်ရွေးစင်အသင်းက ပွဲဦးထွက်တွင် ဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲတွင် (ခ)အုပ်စုမှ မြန်မာ့ လက်ရွေးစင် ဖူဆယ်အသင်းနှင့် ဘရူနိုင်းလက်ရွေးစင် ဖူဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာဖူဆယ် လက်ရွေးစင်အသင်းက ၁၀ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ ဖူဆယ်လက်ရွေးစင်အသင်း အတွက် အနိုင်ဂိုးများကို ပထမပိုင်း စက္ကန့် ၅၀ တွင် မောင်မောင်ဌေး၊ ၉ မိနစ် ၁၇ စက္ကန့်တွင် စိုးမင်းဦး၊ ၉ မိနစ် ၄၂ စက္ကန့်တွင် ကျော်ဇင်ညွန့်၊ ၁၀ မိနစ် ၅၃ စက္ကန့်နှင့် ၁၄ မိနစ် ၆ စက္ကန့်တွင် အောင်မိုးနှင့် ၁၈ မိနစ် ၁၃ စက္ကန့်တွင် တင်မင်းထွန်းတို့က အသီးသီး ဂိုးသွင်းယူခဲ့ကြပြီး ဘရူနိုင်း လက်ရွေးစင်အသင်းက ခြေပဂိုးတစ်ဂိုး သွင်းယူခဲ့ရာ ပထမပိုင်းတွင် မြန်မာ ဖူဆယ်လက်ရွေးစင် ဘောလုံးအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားခဲ့သည်။

ဒုတိယပိုင်းကို ပြန်လည်ကစားရာ ၁ မိနစ် ၅၃ စက္ကန့်တွင် စိုးမင်းဦး၊ ၃ မိနစ် ၅ စက္ကန့်တွင် ထွန်းလင်းအောင်၊ ၁၅ မိနစ် ၁၃ စက္ကန့်တွင် မောင်မောင်ဌေးနှင့် ၁၅ မိနစ် ၄၀ စက္ကန့်တွင် ညွန့်ဝင်းတို့ အသီးသီး ဂိုးသွင်းယူခဲ့ကြပြီး ဘရူနိုင်း အသင်းက ခြေပဂိုးနှစ်ဂိုးကို ထပ်မံ သွင်းယူခဲ့ရာ မြန်မာ့ဖူဆယ် လက်ရွေး စင်အသင်းက ၁၀ဂိုး-သုံးဂိုးဖြင့် အနိုင် ရရှိသွားသည်။

မြန်မာဖူဆယ် လက်ရွေးစင်ဘောလုံး အသင်းသည် မတ် ၂၇ ရက် ဒေသ စံတော်ချိန် ညနေ ၆ နာရီတွင် အိမ်ရှင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း( ရန်ကုန်တိုင်း ) သင်တန်းသားသစ်များ ခေါ်ယူ

**ရန်ကုန် မတ် ၂၆**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကမ္ဘာအေး ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း (ရန်ကုန်တိုင်း)၏ အမှတ်စဉ်(၁၃) (၂)နှစ် သင်တန်းကို မေ ၆ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက် ရောက်လိုသော ရဟန်းတော်များသည် အနည်းဆုံး ပထမကြီးတန်းအောင်မြင်ပြီး ရဟန်းသိက္ခာ ခုနစ်ဝါရရှိသူများသာ လျှောက်ထားနိုင်သည်။ ပထမကြီးတန်း မအောင်သေးသူများ တက်ရောက်လိုပါက ဝင်ခွင့်စာမေးပွဲကို ဝင်ရောက် ဖြေဆိုကြရမည်ဖြစ်သည်။ သင်တန်း လျှောက်လွှာများကို ဧပြီ ၃ရက်မှ ၁၂ ရက်အထိ ယင်းသင်တန်းကျောင်း၌ ထုတ်ယူ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကင်ဆာရောဂါအကြောင်း ဆေးပညာဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့ရှိ ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟို (မြန်မာနိုင်ငံရုံးခွဲ)က ကြီးမှူးကျင်းပသည့် "ကင်ဆာရောဂါဗေဒ၏ နောက်ဆုံးပေါ် ဆေးပညာ တိုးတက်မှုများ" ခေါင်းစဉ်ဖြင့် ဆေးပညာဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပါမောက္ခ ဒေါက်တာစောနိုင်က ဆောင်ရွက်ပြီး ရန်ကုန် ပြည်သူ့ဆေးရုံကြီး ကင်ဆာဆေးပညာဌာန ဌာနမှူး အထူးကု သမားတော်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာစိုးအောင်က "မြန်မာနိုင်ငံအတွင်း ကင်ဆာရောဂါကို ရင်ဆိုင်ကျော်လွှားတိုက်ဖျက်ရေး" ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟို ဗန်ကောက် ကင်ဆာဆေးရုံမှ Dr. Prasert Lertsanguansinchai က "ကင်ဆာရောဂါရှာဖွေဖော်ထုတ်ရေးနှင့် ကုထုံးဆိုင်ရာ နောက်ဆုံးတီထွင်ကြံဆမှုများ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Dr. Surachai Sitawarinက "ယနေ့ခေတ်သစ် ဆေးပညာ၏ နောက်ဆုံးပေါ် ကင်ဆာကုထုံးများ" အမည်ဖြင့် လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာကြသော ဆရာဝန်များ၊ ဧည့်သည်တော်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဗန်ကောက်ဆေးရုံကြီး ဆေးကုသမှုဗဟို (မြန်မာနိုင်ငံရုံးခွဲ)မှ ရန်ကုန်ပြည်သူ့ ဆေးရုံကြီး ကင်ဆာဆေးပညာဌာနနှင့် ကင်ဆာဓာတ်ရောင်ခြည်ကုသဌာန အသီးသီးတွင် တက်ရောက်ကုသမှု ခံယူနေကြသော လူနာများအတွက် ဌာနတစ်ခုလျှင် ငွေကျပ်ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၀ သိန်းကို လှူဒါန်းသည်။

**(ဓာတ်ပုံ)**




ဆက်လက်၍ ကင်ဆာရောဂါအကြောင်း ဟောပြောပွဲဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကင်ဆာ ဆေးပညာဌာန ဌာနမှူး တွဲဖက်ပါမောက္ခ ဒေါက်တာစိုးအောင်က ဆောင်ရွက်ပြီး ထိုင်းနိုင်ငံ ဗန်ကောက် ဆေးရုံကြီး ဆေးကုသမှုဗဟို ကင်ဆာဆေးရုံမှ Dr. Prasert နှင့် Dr. Surachaiတို့က ကင်ဆာရောဂါအကြောင်း သိကောင်းစရာများကို ဗီဒီယိုရောင်စုံဆလိုက်များဖြင့် ရှင်းလင်းဟောပြောကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မုန်းမြို့နယ်အတွင်း မိုင်းပေါက်ကွဲ၊ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**ရန်ကုန် မတ် ၂၆**

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ညောင်ဦးရွာမှ မစန်းဦးသည် မတ် ၂၃ ရက်တွင် မုန်းမြို့ အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာ တောထဲ၌ အင်ဖက်သွားကောက်စဉ် သောင်းကျန်းသူများထောင်ထားသည့်မိုင်း နင်းမိသဖြင့် ယာခြေမျက်စိအောက် ပြတ်ဒဏ်ရာရရှိခဲ့သည်။ မစန်းဦးအား မုန်းမြို့ဆေးရုံသို့ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

## မီးလောင်မှုများ ဖြစ်ပွား

**ရန်ကုန် မတ် ၂၆**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဟန်တဲရပ်ကွက်၌ မတ် ၂၄ ရက်တွင် ကလေး မီးချစ်ဆော့ကစားရာမှ မီးလောင်မှုဖြစ်ပွားရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့ အောင်ချမ်းသာရပ်ကွက် နယ်မြေ (၉)၌ မတ် ၂၅ ရက်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ဝါးရုံကျေးရွာအုပ်စု ဟိုင်းကြီးသက်ကျေးရွာ၌ မတ် ၂၅ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၅၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အင်တာနက် အားကစားသတင်းများ

# ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုမာရီယို ၉၉၉ ဂိုးမြောက်ဂိုး သွင်းယူ

ရီယိုဒီဂျနေးရိုး မတ် ၂၆

**ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုမာရီယိုသည် ၎င်း၏ဆုကြေးစားဘောလုံးသမားဘဝတွင် ၉၉၉ ဂိုးမြောက်ဂိုးကို တနင်္ဂနွေနေ့က သွင်းယူကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။**

ဗာစကိုဒဂါးမားအသင်းမှ ရိုမာရီယိုသည် ဖလာမင်ဂို အသင်းဘက်သို့ ဂိုးသွင်းနိုင်ခဲ့သည်။ အဆိုပါပွဲတွင် ဗာစကိုဒဂါးမားအသင်းက ဖလာမင်ဂိုအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အသက် (၄၁) နှစ်ရှိ ရိုမာရီယိုသည် စာရင်းအင်းပညာရှင်သုံးဦး၏ အကူအညီကိုရယူကာ ၎င်း၏ ဂိုးသွင်းနိုင်မှု အခြေအနေကို မှတ်တမ်းတင်ခဲ့သည်။

***အင်တာနက်***



**ဗာစကို ဒဂါးမားအသင်းမှ ရိုမာရီယို (ဝဲ)နှင့် ဖလာမင်ဂိုအသင်းမှ အာရီနူးတို့အား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဘောလုံးပြန်လည်ကစားရန် မိုက်ကယ်အိုဝင် စိတ်မစောသင့်ဟုဆို

**နယူးကာဆယ် ယူနိုက်တက် အသင်း တိုက်စစ်မှူး မိုက်ကယ်အိုဝင်။** *(ဓာတ်ပုံ-အင်တာနက်)*



**လန်ဒန် မတ် ၂၆**

မိုက်ကယ်အိုဝင်သည် ဘောလုံးပြန်လည်ကစား ရန် စိတ်မစောသင့်ကြောင်း နယူးကာဆယ်ယူနိုက်တက် အသင်းဥက္ကဋ္ဌ ဖရက်ဒီရှက်ပတ်က ယနေ့ ပြောကြားသည်။

မိုက်ကယ်အိုဝင်သည် ဒူးခေါင်းခွဲစိတ်ကုသမှုကို ခံယူခဲ့ရသည်။ ပြီးခဲ့သည့်နွေရာသီက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့စဉ်က ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မိမိသည် လက်ရှိဘောလုံးရာသီ မကုန်ဆုံးမီမှာပင် ဘောလုံးပြန်လည်ကစားလိုသည်ဟု မိုက်ကယ်အိုဝင်က မကြာသေးမီက ပြောကြားသည်။ ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်ဘောလုံးအသင်း ခြေစစ်ပွဲအောင်နိုင်ရန် တိုက်စစ်မှူး မိုက်ကယ်အိုဝင်၏ အခန်းကဏ္ဍ အရေးပါသော်လည်း ၎င်း၏ ကျန်းမာရေး အခြေအနေကို ထောက်ထားရမည်ဖြစ်ကြောင်း ဖရက်ဒီရှက်ပတ်က ပြောကြားသည်။

***အင်တာနက်***

# လိုင်လီအသင်းနှင့် မန်ယူအသင်းတို့အား ဒဏ်ငွေပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်

**ပါရီ မတ် ၂၆**

ဖေဖော်ဝါရီလအတွင်းက ကျင်းပသော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ နောက်ဆုံး ၁၆ သင်းအဆင့်ပွဲတွင် မလျော်မကန်ပြုမူမှုများအတွက် ပြင်သစ်နိုင်ငံမှ လိုင်လီအသင်းနှင့် အင်္ဂလန်ကလပ်အသင်းဖြစ်သည့် မန်ချက်စတာယူနိုက်တက်အသင်းတို့ကို ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။ လိုင်လီအသင်းသည် ဘောလုံးပွဲဆိုင်ရာလုံခြုံရေးစည်းမျဉ်းများ ချိုးဖောက်ခြင်းနှင့် ယင်းအသင်းမှ ဘောလုံးသမားများ၏ မလျော်ကန်သောအပြုအမူအတွက် ဒဏ်ငွေ ၆၁၇၃၄ ယူရို ပေးဆောင်ရန်လည်းကောင်း၊ မန်ချက်စတာယူနိုက်တက်အသင်းသည် အားကစားပြိုင်ပွဲရုံအဝင်ဝ၌ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် ပရိသတ် မငြိမ်မသက်ဖြစ်စေရန် ပြုမူခြင်းအတွက် ဒဏ်ငွေ ၉၂၅၆ ယူရို ပေးဆောင်ရန်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။

***အင်တာနက်***

# အကောင်းဆုံးတင်းနစ်သမားဆု ပြင်သစ်တင်းနစ်မယ် မော်ရက်စ်မိုရရှိ

**မီယာမီ မတ် ၂၆**

နှစ်အလိုက် အကောင်းဆုံး တင်းနစ်သမားဆုကို ပြင်သစ်တင်းနစ်မယ် အမ်မယ်လီမော်ရက်စ်မိုက ရရှိကြောင်း အမျိုးသမီးတင်းနစ်အဖွဲ့ချုပ်(ဒဗလျူတီအေ)က ယနေ့ထုတ်ပြန်ကြေညာသည်။

အသက် (၂၇)နှစ်အရွယ်ရှိ မော်ရက်စ်မိုသည် လွန်ခဲ့သည့်နှစ်က သြစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲနှင့် ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲတို့တွင် အနိုင်ရရှိခဲ့သူဖြစ်သည်။ မော်ရက်စ်မိုသည် အူအတက်ပေါက်သည့် ဝေဒနာအတွက် ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး ယခုအခါ ပြန်လည်နာလန်ထူလာပြီဖြစ်သည်။ မော်ရက်စ်မိုသည် ကမ္ဘာ့တင်းနစ်အဆင့်အတန်း သတ်မှတ်ချက်အရ နံပါတ် ၄ အဆင့်ကို ရက်သတ္တ ၃၄ ပတ် ဆက်တိုက်ထိန်းထားနိုင်သူဖြစ်သည်။

နှစ်အလိုက်အကောင်းဆုံး တင်းနစ်သမားဆုကို မီဒီယာများက မဲပေးရွေးချယ်ခြင်းဖြစ်သည်။ ***အင်တာနက်***



**ပြင်သစ်တင်းနစ်မယ် မော်ရက်စ်မို၏ ယှဉ်ပြိုင်ကစားဟန်။** *(ဓာတ်ပုံ-အင်တာနက်)*

## ရွှေစက်တော် ဦးသုန္ဒရ တရားစခန်းပွဲ

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံမြောက်/အနောက်ရပ်ကွက် ရွှေစက်တော်ကျောင်းမှ မိုးကုတ်ဓမ္မကထိက ဦးသုန္ဒရ အရှင်သူမြတ်သည် ကော့သောင်းခရိုင် ခမောက်ကြီးမြို့ တိလောကာရုံစာသင်တိုက်ဆရာတော် ဦးအာဒိစ္စ၏ သြဝါဒကိုခံယူ၍ တန်ခူးလပြည့်ကျော် ၂ရက်မှ ၆ရက်အထိ ကျင်းပမည့် ငါးရက်တရားစခန်းပွဲတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည် ဖြစ်သည်။

(က-ပ)

## Doaru အလှကုန် နိုင်ငံခြားအပန်းဖြေခရီးစဉ် ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

ရန်ကုန် မတ် ၂၆

**Doaru အလှကုန်နှင့် Glorin Hair Care Products မှ ဒုတိယအကြိမ် နိုင်ငံခြားအပန်းဖြေခရီးစဉ် ကံထူးရှင် ရွေးချယ်ပွဲကို မတ် ၂၄ရက် မွန်းလွဲ ၂ နာရီတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

ရှေးဦးစွာ Shangrila-Leap Int'l Co., Ltd. မှ ဒါရိုက်တာဦးတင်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ဈေးကွက်မန်နေဂျာ ဒေါ်ဝင့်ဝင့်အောင်က ၂၀၀၆ခုနှစ် ပထမအကြိမ် နိုင်ငံခြား အပန်းဖြေခရီးစဉ် အကြောင်းကို ရှင်းလင်းပြောကြားကာ အလှကုန်သုံးစွဲသူများအတွက် ဒုတိယအဆင့် ကံစမ်းမဲ ၂၀၀ကို မဲနှိုက်ပေးကြသည်။ဆက်လက်၍ စာနယ်ဇင်းဆရာများက ပထမအဆင့် နိုင်ငံခြားအပန်းဖြေခရီးစဉ် ကံထူးရှင်များဖြစ်သည့် မန္တလေးမြို့မှ မကြူထွေးနှင့် မသီတာအောင်၊ ပျဉ်းမနားမြို့မှ မမိုးမိုးမြင့်၊ ရန်ကုန်မြို့မှ မစန်းစန်းကြူနှင့် မစုစုလှိုင်တို့ကို ရွေးချယ်ပေးကြသည်။

ယင်းနောက် နိုင်ငံခြားအပန်းဖြေခရီးစဉ်လိုက်ပါခွင့်ရရှိသည့် ရောင်းအားစံချိန်မီ အရောင်းကိုယ်စားလှယ်ကြီးများအပြင် ကံစမ်းမဲ အစီအစဉ်ဖြင့် အပန်းအဖြေ ခရီးစဉ် လိုက်ပါခွင့် ရရှိသည့် ရန်ကုန်မြို့မှ ဒေါ်မြမြအေး၊ မန္တလေးမြို့မှ ဦးဘိုအေး(စန်းစန်းအေး)၊ မြင်းခြံမြို့မှ မြေလတ်စတိုးနှင့် ဖားကန့်မှ မအဖိန်းစတိုးဆိုင်တို့ကို ရွေးချယ်ပေးကြသည်။

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လေးနှင့် ဒါရိုက်တာ အဖွဲ့ဝင်များက နိုင်ငံခြား အပန်းဖြေခရီးစဉ် လိုက်ပါခွင့်ရရှိသည့် အရောင်းကိုယ်စားလှယ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

Doaruအလှကုန်နှင့် Glorin Hair Care Products ပစ္စည်းများသည် နိုင်ငံတကာ အရည်အသွေးစံချိန်မီ ISO 9001;2000 လက်မှတ်ရရှိပြီးဖြစ်သည့်အတွက် အရည်အသွေးစိတ်ချ ယုံကြည်မှုရရှိပြီးဖြစ်သည်။ Doaruအလှကုန်မှ Face Powder၊ Creme Puff၊ မိတ်ကပ်ရည်၊ နှုတ်ခမ်းနီ၊ Fairness Cream၊ body lotion၊ 4 in 1 Ceramide gel၊ Shower Cream တို့ကိုထုတ်လုပ်ပြီး Glorin Hair Care Productsမှ ခေါင်းလိမ်းဆီနှင့် ခေါင်းလိမ်းဂျယ်တို့ကို ထုတ်လုပ်ပြီးဖြစ်သည်။ ဆက်လက်၍ Rollon၊ For man Facial Cleanser၊ Hair Care Products များ ထပ်မံထုတ်လုပ်သွားမည် ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)




**ဒုတိယအကြိမ် နိုင်ငံခြားအပန်းဖြေခရီးစဉ် ကံထူးရှင်ရွေးချယ်ပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လေး အရောင်းကိုယ်စားလှယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီစိုက်ပျိုးပါ၊မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင်ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝတင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝတင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော်တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်းသုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင်စိုက်ပျိုးပါ။ မျိုးစေ့ချ စိုက်ပျိုးရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့်အန္တရာယ်ရှိပါက မှူးစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်း ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




**လှိုင်မြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ဒုတိယတန်း၌ ပထမဆုရရှိသူ မသဲထက်ဆုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဌေး ဆုချီးမြှင့်စဉ်။**

(ပညာရေး)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှုနှင့်သတိပေးနှိုးဆော်ချက်သတင်း

ရန်ကုန် မတ် ၂၆

၁။ **ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု**

ရန်ကုန်တိုင်း မြို့နယ်များအတွင်း မွေးမြူရေးခြံများ၌ အောက်ဖော်ပြပါအတိုင်း ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိအတည်ပြုခဲ့ကြောင်း-

| နေ့စွဲ | မြို့နယ် | မွေးမြူရေးခြံ | မှတ်ချက် |
|---|---|---|---|
| ၂၈-၂-၂၀၀၇ | မရမ်းကုန်း | ဥစားကြက်၊ဘဲခြံတစ်ခြံ | $H_5N_1$ |
| ၂-၃-၂၀၀၇ | လှိုင်သာယာ | ဥစားကြက်ခြံတစ်ခြံ | $H_5N_1$ |
| ၁၃-၃-၂၀၀၇ | မြောက်ဥက္ကလာပ | ရစ်ခြံတစ်ခြံ | $H_5N_1$ |
| ၁၃-၃-၂၀၀၇ | မင်္ဂလာဒုံ | ငုံးခြံတစ်ခြံ | $H_5N_1$ |
| ၁၈-၃-၂၀၀၇ | မှော်ဘီ | ဥစားကြက်ခြံတစ်ခြံ | $H_5N_1$ |

၂။ **မွေးမြူရေး ကြက်၊ဘဲ၊ရစ်၊ငုံး သေဆုံး/ဖျက်ဆီးမှု**

ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ခဲ့သည့်မွေးမြူရေးခြံများရှိ ကြက်၊ရစ်၊ငုံးများနှင့် ရောဂါကူးစက်မှုအန္တရာယ်ဖြစ်နိုင်ချေရှိသည့် ရောဂါဖြစ်ကြက်ခြံ အဝန်းအဝိုင်းရှိ ကြက်၊ ဘဲ၊ ငုံးများ၊ ၎င်းခြံနှင့်ထိစပ်နေသည့် မွေးမြူရေးကြက်၊ဘဲ၊ငုံးများနှင့် တစ်ကီလိုမီတာအတွင်းရှိ ရောဂါကူးစက်မှုအန္တရာယ်ရှိနိုင်သည့် ကြက်၊ဘဲ၊ငုံးများကို လက်ဦးမှုရယူ၍ သုတ်သင်ဖျက်ဆီးခဲ့ကြောင်း-

| အကြောင်းအရာ | သေဆုံး ကောင်ရေ | ဖျက်ဆီး ကောင်ရေ | သေဆုံး/ဖျက်ဆီး ကောင်ရေ | မှတ်ချက် |
|---|---|---|---|---|
| ရောဂါဖြစ်မွေးမြူရေးခြံ(၅)ခြံ မရမ်းကုန်း၊လှိုင်သာယာ၊ မြောက်ဥက္ကလာပ၊မင်္ဂလာဒုံ၊ မှော်ဘီ | ကြက်၁၇၂၇<br>ရစ် ၆၆<br>ငုံး ၆၀ | ကြက်၂၂၃၇<br>ရစ် ၅၄<br>ဘဲ ၄၆၃<br>ငုံး ၂၂၄၀ | ကြက် ၂၃၉၆၄<br>ရစ် ၁၂၀<br>ဘဲ ၄၆၃<br>ငုံး ၂၃၀၀ | ၂၈-၂-၂၀၀၇ မှ ၂၀-၃-၂၀၀၇ |
| ရောဂါအန္တရာယ်ကူးစက်ပျံ့နှံ့မှုကြိုတင်ကာကွယ်ရေးအစီအစဉ်အရ(၅)ခြံ လှိုင်သာယာ၊မရမ်းကုန်း၊ မှော်ဘီ(မွေးမြူရေးဇုန်-၁) မြောင်းတကာ၊တောင်ဥက္ကလာ | ကြက်' ၅<br>ဘဲ ၅<br>ငုံး ၁၀၀၀ | ကြက် ၅၁၅၀<br>ဘဲ ၂၉၁၂<br>ငုံး ၁၃၆၀၇ | ကြက် ၅၁၅၅<br>ဘဲ ၂၉၁၇<br>ငုံး ၁၄၆၀၇ | ၂၀-၈-၂၀၀၇ မှ ၂၃-၃-၂၀၀၇ |
| **စုစုပေါင်း** | **၂၈၆၃** | **၄၆၆၆၃** | **၄၉၅၂၆** | |

၃။ **ငှက်မြေကျသေဆုံးမှုဓာတ်ခွဲခန်းစစ်ဆေးတွေ့ရှိမှု**

၂၇-၂-၂၀၀၇ နေ့မှ ၂၆-၃-၂၀၀၇ နေ့အထိ ရန်ကုန်တိုင်း မြို့နယ်များအတွင်း ကျီး၊ ခို၊ စာကလေး၊ ချိုး စုစုပေါင်း ၃၂၄ကောင် မြေကျသေဆုံးမှုရှိ၍ ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ပေးပို့စစ်ဆေးတွေ့ရှိချက်အရ ငှက်အများစုမှာ အပူရှပ်၊ နာတာရှည်၊ အသက်ရှူလမ်းကြောင်းရောဂါ၊ကျောက်ပေါက်ရောဂါ၊ထိခိုက်ဒဏ်ရာနှင့်အဆိပ်အတောက်ကြောင့်သေဆုံးကြောင်း။ ကျီးခြောက်ကောင်တွင် ကြက်ငှက်တုပ်ကွေးရောဂါသံသယရှိခဲ့ကြောင်း။

၄။ **ကြက်၊ ဘဲ သေဆုံးမှုနှင့် ဓာတ်ခွဲခန်းစစ်ဆေးတွေ့ရှိမှု**

အထက်အပိုဒ်(၁)ပါ မြို့နယ်(၅)မြို့နယ်မှ လက်ခံရရှိသည့် ကြက်၊ ငုံး၊ ရစ်များ၏ နမူနာပစ္စည်းများကို ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးချက်အရ $H_5N_1$ တွေ့ရှိကြောင်း ဖော်ပြထားပြီးဖြစ်ကြောင်း။ (၂၇-၂-၂၀၀၇)မှ(၂၆-၃-၂၀၀၇) နေ့အထိ ရန်ကုန်တိုင်း အင်းစိန်၊ မင်္ဂလာဒုံ၊ ရန်ကင်း၊ သာကေတ၊ အလုံ၊ ကမာရွတ်၊ သဃ်န်းကျွန်း၊ မြောက်ဒဂုံ၊ မရမ်းကုန်း၊ မှော်ဘီ၊ ဒဂုံ(အရှေ့)၊ တောင်ဥက္ကလာပနှင့် ပဲခူးတိုင်း မင်းလှမြို့နယ်၊ နတ်တလင်းမြို့နယ်တို့မှ ဓာတ်ခွဲခန်းသို့ ပေးပို့လာသည့် ကြက် ၇၅ကောင်၊ ဘဲငန်း ၂၂ ကောင်တို့ကို စစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေး ရောဂါပိုး မတွေ့ရှိရပါကြောင်း၊ ကြက်လည်လိမ်ရောဂါ၊ အပူရှပ်ခြင်း၊ ကြက်/ဘဲ ဝမ်းကျရောဂါတို့ကြောင့် သေဆုံးကြောင်း၊ ပဲခူးတိုင်း မင်းလှကြက်ခြံမှ ကြက်အချို့ ကြက်သန်းနှိမ်နင်းရန် ဆိုက်ပါမက်ထရင် ပိုးသတ်ဆေးအပြင်းစား ပက်ဖျန်းမှုကြောင့် သေဆုံးကြောင်း။

၅။ **ဖြစ်စဉ်အပေါ်သုံးသပ်ချက်**

(က) သေဆုံးခဲ့သည့်ငှက်များအား စစ်ဆေးချက်အရ ကျီး ၆ကောင်တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယရှိခဲ့သည်မှအပ အခြားရာသီအလိုက် ကျရောက်တတ်သည့် ရောဂါများနှင့် ထိခိုက်မှုများကြောင့် သေဆုံးခြင်း ဖြစ်ကြောင်း။

(ခ) ကျီးကန်းအချို့သည် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်နိုင်ခြေရှိသော်လည်း အခြားတိရစ္ဆာန်များသို့ ကူးစက်နိုင်ခြင်းမရှိကြောင်း။ သို့သော် ရောဂါရှိတိရစ္ဆာန် အသေများစားသုံးစဉ် နှုတ်သီး၊ ခြေထောက်များနှင့် ထိတွေ့ပါလာသော ဗိုင်းရပ်(စ်)ပိုးများမှ အခြားကြက်ငှက်များသို့ ပျံ့နှံ့စေနိုင်ကြောင်း။

(ဂ) ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော မြို့နယ်များကို ကန့်သတ်ဇုန်၊ ထိန်းချုပ်ဇုန်များအဖြစ် သတ်မှတ်၍ ရောဂါထိန်းချုပ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မှုအရ ယင်းမြို့နယ်များအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုမရှိအောင် စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ကြောင်း။

၆။ **သတိပေးနှိုးဆော်ချက်**

(က) ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုဖြစ်စဉ်၌ ဗိုင်းရပ်(စ်)ပိုးသည် မြို့နယ်ကျော်ဖြတ်၍ ရောဂါကူးစက်မှုရှိခဲ့သဖြင့် မြို့နယ်အသီးသီးရှိ မွေးမြူသူများနှင့် ရောင်းဝယ်ဖောက်ကားသူများ အနေဖြင့် အစာအိတ်၊ ကြက်ဥသယ်ဗန်း၊ ကြက်သားပေါက်သယ်ဘူး အသစ်များကိုအသုံးပြုရန်နှင့် လုပ်ငန်းအသုံးအဆောင်ပစ္စည်းများကို ရောဂါပိုးသတ် သန့်စင်ပြီးမှ အသုံးပြုကြရန်။

(ခ) ကျီး၊ငှက်များ မွေးမြူရေးခြံအတွင်း မဝင်ရောက်စေရေးအတွက် ကြက်ခြံများ၏ ဇီဝလုံခြုံမှု တိုးမြှင့်ဆောင်ရွက်ရန်။

(ဂ) မြို့နယ်ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေး ကြီးကြပ်ဆောင်ရွက်နေသည့် ဒေသအာဏာပိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

## အင်တာနက်သတင်း

## ဗီယက်နမ်တွင် မူးယစ်ဆေးဖြတ်ရာ၌ မက်သဒုန်းဆေးဝါးကို သုံးမည်

**ဟန္နိုင်း မတ် ၂၆**

ဗီယက်နမ်နိုင်ငံတွင် မူးယစ်ဆေးဝါးစွဲသူများကို ပြန်လည်ထူထောင်ရာ၌ မက်သဒုန်းခေါ် ဆေးဝါးကို ပထမဦးဆုံးအကြိမ် ကုထုံးတစ်ရပ်အဖြစ် လက်ခံကျင့်သုံးသွားရန် ကျန်းမာရေးဌာနက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မတ် ၂၆ရက်နေ့ထုတ်လူငယ်သတင်းစာတွင် ဖော်ပြထားသည်။

၎င်းဆေးဖြတ်နည်းကို ဟိုင်ဖုန်မြို့တွင်ရှိသော ရှေ့ပြေးစမ်းသပ်စခန်း၌ စတင်သုံးစွဲမည်ဖြစ်သည်။ မူးယစ်ဆေးဝါးဖြတ်သူပေါင်း ၇၀၀ရှိသည့် အဆိုပါစခန်းတွင် ယင်းဆေးဖြတ်နည်းကို ၂၀၀၈ခုနှစ် ဒီဇင်ဘာလအထိ စမ်းသပ်သုံးစွဲသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းရှေ့ပြေး စမ်းသပ်မှုအတွက် လိုအပ်သည့်ရန်ပုံငွေကို ပြည်ပနိုင်ငံများက ထောက်ပံ့ခြင်းဖြစ်သည်။ ဆေးဖြတ်ရာ၌ ပါးစပ်မှ သောက်သုံးရသော မက်သဒုန်းဆေးဝါးကို ဘိန်းဖြူစွဲနေသူများအား သုံးစွဲစေခြင်းဖြင့် ဆေးပြတ်သွားစေရန် ကုသရာ၌ အစားထိုး သုံးစွဲစေခြင်းဖြစ်သည်။

မက်သဒုန်း သုံးစွဲသည့် ဆေးဖြတ်နည်းကို အခြားနိုင်ငံအတော်များများ၌ လက်ခံသုံးစွဲနေကြပြီဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် ထိုနည်းကို ယခုမှသာ လက်ခံကျင့်သုံးခြင်းဖြစ်သည်။ ဘိန်းဖြူကို ဆေးထိုးအပ်ဖြင့် သုံးစွဲခြင်းကြောင့် အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်မည့် အန္တရာယ်ကြီးမားစေသည်။ မက်သဒုန်းသည် သောက်ရသောဆေးဖြစ်သဖြင့် အိပ်ချ်အိုင်ဗွီ ကူးစက်မည့်ရောဂါကို လျော့ကျ သွားစေနိုင်ကြောင်း ပြည်တွင်းနှင့် ပြည်ပ ဆေးပညာဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားကြသည်။

**ကြိုးပမ်း**

ဗီယက်နမ်နိုင်ငံတွင် မူးယစ်ဆေးဝါးစွဲသူပေါင်း ၁၆၀၂၂၆ဦးရှိကြောင်း ၂၀၀၆ခုနှစ်စာရင်းများက ဖော်ပြသည်။ ယင်းတို့အနက် ၇၀ရာခိုင်နှုန်းသည် အသက် (၁၈)နှစ်မှ (၃၅)နှစ်အတွင်းရှိ လူငယ်များဖြစ်ကြသည်ဟု စာရင်းအင်းများအရ သိရသည်။ ဗီယက်နမ်နိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၅ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သောဒေသ ဖြစ်လာစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

***အင်တာနက်။***

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဧရာဝတီတိုင်းအတွင်းရှိ သစ်စက်လုပ်ငန်းနှင့် သစ်ထုတ်လုပ်ရေး လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၆

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ကြံခင်းမြို့နယ် အမှတ်(၁၀၅)သစ်စက်သို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် ခွဲစိတ်ပြီးသစ်ခွဲသားများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးလက်ထောက်မန်နေဂျာ ဦးငွေလွင်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။**

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် အမှတ်(၃၁)သစ်စက် နန်ကသူသို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးစောရိန်ဂျယ်လွင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။





ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေကြည်မြို့နယ် အမှတ်(၁၀၆)သစ်စက် သီတာကုန်းပြင်သို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် ခွဲစိတ်ပြီးသစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး ရှင်းလင်းဆောင်၌ စက်ရုံမှူးလက်ထောက်မန်နေဂျာဦးစိုးပိုင်က ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရေကြည်မြို့နယ် ပုသိမ်အနောက် သစ်ထုတ်ရေးဒေသ သီတာကုန်းပြင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒေသသစ်ထုတ်ရေးမန်နေဂျာ ဦးနေသွေးခိုင်က ဒေသအတွင်း လမ်းဖောက်လုပ်ပြီးစီးမှု၊ သစ်ဆိပ်များသို့ သစ်ရောက်ရှိမှုနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ➪

## ကြည့်ရှုစစ်ဆေး

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြံခင်းမြို့နယ် အမှတ်(၁၀၅) သစ်စက်တွင် ကြည့်ရှုစစ်ဆေးစဉ်။** (သစ်တောရေးရာ)



**မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ရှေးဟောင်းသစ်သားတံတားကြီး တစ်စင်းဖြစ်သည့် ဦးပိန်တံတားတစ်လျှောက် ပွင့်လင်းရာသီ၌ ပြည်တွင်းပြည်ပ ခရီးသွားများ လေ့လာအပန်းဖြေလျက်ရှိသည်ကို မတ် ၁၂ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ ငွေအောင်-ကြေးမုံ)

# NLD ပါတီ၏လုပ်ရပ်များအပေါ် စိတ်ဝင်စားမှုမရှိ၊ ယုံကြည်မှုမရှိ မြင်းခြံမြို့နယ်မှ ပါတီဝင်တစ်ဦး နုတ်ထွက်

**ရန်ကုန် မတ် ၂၆**

မန္တလေးတိုင်း မြင်းခြံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်လူငယ်တာဝန်ခံဖြစ်သူ ရန္တပိုကျေးရွာမှ ဦးဝင်းခိုင်သည် မတ် ၇ ရက်တွင် ၎င်း၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာကို ပေးပို့နုတ်ထွက်ခဲ့သည်။

မြင်းခြံမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် ၎င်းအနေဖြင့် NLDပါတီ၏ လုပ်ရပ်များအပေါ် စိတ်ဝင်စားမှုမရှိ၊ ယုံကြည်မှုမရှိတော့ကြောင်း၊ ပါတီတာဝန်များကိုလည်း ဆက်လက်လုပ်ကိုင်လိုစိတ်မရှိသဖြင့် ပါတီဝင်အဖြစ်မှလည်းကောင်း၊ လူငယ်တာဝန်ခံ (၃) အဖြစ်မှလည်းကောင်း နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# ကမ္ဘာ့ပင်လယ်ရေတွင် အက်စစ်ဓာတ်ပါဝင်မှုတိုးလာ ရေသတ္တဝါတို့၏ဘဝကို ထိခိုက်စေနိုင်

## အတ္တလန္တိတ် အင်တာနက်သတင်း

**ဆီယက်တယ်လ် မတ် ၂၅**

ကမ္ဘာ့ လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ စုဝေးလာမှုကြောင့် ကမ္ဘာ့ ပင်လယ် သမုဒ္ဒရာများတွင် အက်စစ်ဓာတ်ပါဝင်မှု တိုးလာကြောင်း၊ သက်ရှိရေသတ္တဝါများ၏ ဘဝကို ထိခိုက်စေနိုင်ကြောင်း သိပ္ပံပညာရှင်များက မတ် ၂၅ ရက်တွင် သတိပေးလိုက်သည်။

လာမည့်နှစ် ၅၀မှ နှစ် ၁၀၀ အတွင်း အက်စစ်ဓာတ်ပါဝင်မှု တိုးလာသော ပင်လယ်ရေကြောင့် သေးငယ်သည့် အဏ္ဏဝါ ပက်ကျိုင်ယ်များ၏ အခွံများမှာ အက်စစ်တိုက်စားမှု ခံရနိုင်ကြောင်း၊ ဤသို့ဖြင့် ပက်ကျိုများ မျိုးသုဉ်း ပျောက်ကွယ်နိုင်ကြောင်း၊ သန္တာကျောက်တန်းများမှာလည်း ပွန်းပဲ့တိုက်စားခံရနိုင်ကြောင်း အမေရိကန်နိုင်ငံ ဆီယက်တယ်လ်မြို့ရှိ ပစိဖိတ်သမုဒ္ဒရာ အဏ္ဏဝါပတ်ဝန်းကျင်လေ့လာရေးဌာနမှ သုတေသီ ရစ်ချက်ဖီးလီးက ပြောကြားသည်။

ကမ္ဘာ့ လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ စုဝေးမှု၏ အကျိုးဆက်အဖြစ် ပင်လယ်သမုဒ္ဒရာများ၏ ဓာတုဗေဒ ဖွဲ့စည်းမှုပုံစံမှာ ထူးထူးခြားခြား ပြောင်းလဲလာနေကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် စက်မှုလုပ်ငန်းများ အများအပြား ချဲ့ထွင်မှုကြောင့် ကမ္ဘာ့လေထုလွှာတွင် ကာဗွန်ဓာတ်ငွေ့ တိုးလာခဲ့ကြောင်း၊ ကမ္ဘာ့ပင်လယ်ရေ၏ အက်စစ်ဓာတ်ပါဝင်မှုသည် ၃၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ကမ္ဘာ့ လေထုလွှာအတွင်း ကာဗွန်ဓာတ်ငွေ့ပါဝင်မှု ပမာဏကို လျှော့ချနိုင်ခြင်း မရှိပါက ၂၁၁၀ ပြည့်နှစ်အထိ နောက်မကျဘဲ ပင်လယ်ရေတွင် အက်စစ်ဓာတ်ပါဝင်မှုရာခိုင်နှုန်း ၁၅၀မြင့်တက်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***



**ပင် လယ်ရေ သန့်စင်ရာ၌ အသုံးပြုသောစက်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)